# ယနေ့တိုင်း ရွှေမန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၃၇)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း ၉ ရက် ၊ ၂၄–၄–၂၀၂၆၊ သောကြာနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အရေးပေါ်အခြေအနေ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

### အရေးပေါ်အခြေအနေ ကြေညာခြင်း

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂(က) အရ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်–

(က) ကချင်ပြည်နယ်
- (၁) ဆွမ်းပရာဘွမ်မြို့နယ်၊
- (၂) ရွှေကူမြို့နယ်၊
- (၃) အင်ဂျန်းယန်မြို့နယ်၊
- (၄) ဆော့လော်မြို့နယ်၊
- (၅) ချီဖွေမြို့နယ်။

(ခ) ကယားပြည်နယ်
- (၁) ရှားတောမြို့နယ်၊

စာမျက်နှာ ၃ သို့ ✪

## စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂/၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

### စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(၁/၂၀၂၆)ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ သို့ ✰

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့။

# ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး ရထားချိန်များအလိုက် တိုးချဲ့ပြေးဆွဲပေးသွားမည်

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ်၊ မေ ၁ ရက်မှ စတင်၍ ရထားချိန်များအလိုက် တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားများမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ရထားချိန်များအလိုက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်၊ အမှတ်(၈) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ရထားချိန်များအလိုက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် ပြေးဆွဲမည့် အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲနေသော အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန်၊ အမှတ်(၇) အဆန်၊ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနှင်းမှု များပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲတိုးတက်လာသည့်ခေတ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်အောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့် ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားချိန်များအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်း၊ လက်ရှိပြေးဆွဲနေသော ရထားတွဲဆိုင်းများတွင် ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ရထားစီးခရီးသွား ပြည်သူများ အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးကို ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ဖောင်းပြင်မြို့နယ်တွင် နေကြာကို သီးထပ်၊ သီးညှပ်စနစ်တို့ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်း

**ဖောင်းပြင် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်တွင် နေကြာကို သီးထပ်၊ သီးညှပ်စနစ်တို့ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေကြောင်း ပိုးစာကုန်းကျေးရွာက တောင်သူဦးတင်အောင်ထံမှ သိရသည်။

"ဒီဒေသက နှမ်းစပါး၊ မိုးစပါးနဲ့ ဆောင်းရာသီမှာ အာလူး၊ ကြက်သွန်၊ ပဲမျိုးစုံနဲ့ ဆီအတွက် မြေပဲ၊ ပန်းနှမ်း၊ နေကြာတွေကို စိုက်ကြတာပါ။ တစ်ရာသီမှာ တစ်သီးသာ စိုက်ကြတာပါပဲ။ ၂၀၁၉ ခုနှစ်ကစလို့ မိုးစပါးရိတ်အပြီး ပဲသိမ်းအပြီးမှာ နေကြာကို နောက်တစ်သီးအနေနဲ့ စမ်းပြီးတော့ တောင်သူအနည်းစု စိုက်လာခဲ့ကြတာပါ။ ခုနောက်ပိုင်း တောင်သူအများစု ပိုပြီး စိုက်လာကြပါတယ်။ ဒေသရာသီဥတုနဲ့ ကိုက်ညီတော့ နှစ်စဉ်အောင်မြင်ခဲ့ပါတယ်။ တောင်သူတွေအတော်များများ စိုက်ပျိုးနိုင်အောင် မျိုးကောင်းမျိုးသန့်တွေ အမြဲရရှိအောင် နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်ရင် ပိုပြီး အကျိုးဖြစ်ထွန်းနိုင်ပါတယ်"ဟု တောင်သူ ဦးတင်အောင်က ပြောပြသည်။

တောင်သူများသည် စပါး၊ ပဲအမျိုးမျိုးနှင့် စားဖိုဆောင် သီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူအပြင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နေကြာ၊ ပန်းနှမ်းတို့ကို တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးခဲ့ကြသည်။

နေကြာကို သီးထပ်စနစ်ဖြင့် စိုက်ပျိုးရာတွင် မိုးစပါးရိတ်သိမ်းပြီးချိန် ဒီဇင်ဘာလမှစ၍ ပဲသိမ်းပြီးချိန် ဖေဖော်ဝါရီလအထိ စိုက်ပျိုးကြပြီး သီးညှပ်စနစ်ဖြင့် စိုက်ပျိုးရာတွင် နိုဝင်ဘာလတွင် ပဲစိုက်ခင်းများ၌ ရောနှောစိုက်ပျိုးကြသည်။

သီးထပ်စနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် နေကြာမျိုးစေ့ သုံးပြည်မှ လေးပြည်အထိ စိုက်ပျိုးကြပြီး သီးညှပ်စနစ်တွင် တစ်ပြည်မှ နှစ်ပြည်အထိ စိုက်ပျိုးကြောင်း သိရသည်။

သီးထပ်စိုက်ပျိုးပါက အထွက်နှုန်းကောင်းမွန်ပြီး တစ်ဧကလျှင် နေကြာစေ့တင်း ၁၅ တင်းမှ ၂၅ တင်းအထိ ထွက်ရှိနိုင်ပြီး သီးညှပ်စိုက်ပျိုးပါက တစ်ဧက ခြောက်တင်းမှ ၁၀ တင်း အထိ ထွက်ရှိကာ ဆီကြိတ်ပါက နေကြာစေ့ သုံးတင်းလျှင် ဆီ ၁၀ ပိဿာခန့် ထွက်ရှိကြောင်း သိရသည်။

(၃၉၄)

## သပိတ်ကျင်းမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**သပိတ်ကျင်း ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင် နယ်မြေဒေသအခြေအနေကြောင့် ယာယီပိတ်သိမ်းခဲ့သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယခုအခါ ဒေသအတွင်း တည်ငြိမ်လာပြီဖြစ်သဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ယနေ့ နံနက် ၉ နာရီမှ စတင်၍ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သပိတ်ကျင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လစာငွေများထုတ်ပေးခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေးခြင်း၊ စုဆောင်းငွေများ လက်ခံခြင်း၊ ဒေသအသီးသီးသို့ ငွေလွှဲပို့ပေးခြင်းနှင့် အခြားသော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးရဲနိုင်ထံမှ သိရသည်။

အဆိုပါဘဏ်ဖွင့်ပွဲတွင် သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်ဝင်းနှင့် သပိတ်ကျင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်/ပြန်ဆက်)

## မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက ပန်းတင်ကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။



မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့်အနက်မှ ရက် (၁၀၀)စီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွက်ငယ်ကျေးရွာအုပ်စု ပန်းတင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း လုပ်ငန်းကို ဆောင်ရွက်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းစဉ်များ အကြောင်းနှင့် စီမံကိန်းကော်မတီဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းများကို ပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ စီမံကိန်းကော်မတီဝင်များကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(၄၆၉)



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် မြို့ပေါ်ရပ်ကွက်များအား လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်လွင်မိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၃ နာရီက မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ကြစဉ်။

(ကဆ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❂ အရေးပေါ်အခြေအနေမှ

(၂) ဖားဆောင်းမြို့နယ်၊
(၃) မယ်စဲ့မြို့နယ်။

(ဂ) **ကရင်ပြည်နယ်**
(၁) ကော့ကရိတ်မြို့နယ်၊
(၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**
(၁) ကန်ပက်လက်မြို့နယ်၊
(၂) ထန်တလန်မြို့နယ်၊
(၃) ပလက်ဝမြို့နယ်၊
(၄) တွန်းဇံမြို့နယ်၊
(၅) မင်းတပ်မြို့နယ်၊
(၆) မတူပီမြို့နယ်၊
(၇) ဖလမ်းမြို့နယ်။

(င) **စစ်ကိုင်းတိုင်းဒေသကြီး**
(၁) ကောလင်းမြို့နယ်၊
(၂) ပင်လည်ဘူးမြို့နယ်၊
(၃) ခင်ဦးမြို့နယ်၊
(၄) ဝက်လက်မြို့နယ်၊
(၅) ကနီမြို့နယ်၊
(၆) ဒီပဲယင်းမြို့နယ်၊
(၇) ပုလဲမြို့နယ်၊
(၈) အင်းတော်မြို့နယ်။

(စ) **မကွေးတိုင်းဒေသကြီး**
(၁) ပေါက်မြို့နယ်၊
(၂) မြိုင်မြို့နယ်၊
(၃) ဆောမြို့နယ်၊
(၄) ထီးလင်းမြို့နယ်၊
(၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**
(၁) ငါန်းဇွန်မြို့နယ်။

(ဇ) **ရခိုင်ပြည်နယ်**
(၁) ရမ်းဗြဲမြို့နယ်၊
(၂) ပေါက်တောမြို့နယ်၊
(၃) ပုဏ္ဏားကျွန်းမြို့နယ်၊
(၄) ရသေ့တောင်မြို့နယ်၊
(၅) ဂွမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။

(ဈ) **ရှမ်းပြည်နယ်**
(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂/၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂/၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၂၆ခုနှစ်၊ ဧပြီလ ၂၃ ရက်)**

၁။ နိုင်ငံတော်သမ္မတရုံးသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၁/၂၀၂၆ ကို ထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၂/၂၀၂၆ အရ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ပါမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာ တိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

**ပုံ**
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၆၊ ၂/၂၀၂၆နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကိုတည်ဆဲဥပဒေအရဖွဲ့စည်းထားသောတရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည်ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိအလုပ်နှင့် ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့် မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက် အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေး အဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

နောက်ဆက်တွဲဇယား(က)

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

☆ ရှေ့ဖုံးမှ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

လိုက်လံကြည့်ရှု

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး ဒေါ်နီလာကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ကလေးငယ်တစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တပ်မတော်သားများသည် နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ပြည်သူက အားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာ ထမ်းဆောင်

နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းခတ်တပ်နယ်ခန်းမ၌လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျ နေထိုင်တတ်မှုသည် အရေးကြီးကြောင်း၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျ နေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်ရန် လိုကြောင်း၊ သို့မှသာ ပြည်သူက လေးစားအားကျ ယုံကြည်အားကိုးရသည့် တပ်မတော်သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

တပ်မတော်၏ကောင်းမွန်သည့် အစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေး အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည် ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်နေကြရန်လိုကြောင်း။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သင်ယူထားသောစစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များ ဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊

မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ မည်သည့်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ အခြေခံအချက်များနှင့်ပြည့်စုံပြီး ပုံစံတကျ ရှိနေရန်လိုကြောင်း၊ ယူနီဖောင်းဝတ်ဆင်မှုနှင့် သွားလာလှုပ်ရှားမှုတို့တွင် ပုံစံတကျဖြစ်နေရန်လိုပြီး ယင်းအချက်သည် စစ်ရေးစွမ်းရည်အပိုင်းတွင် များစွာအထောက်အကူပြုကြောင်း၊ စည်းကမ်းဆိုရာတွင် သတ်မှတ်ထားသော ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှုမှစ၍ အခြေခံကျကျ အလေးထားလိုက်နာရန်လိုကြောင်း၊ ထို့ပြင် အထက်အောက်လေးစားမှု၊ အမိန့်နာခံမှု၊ သစ္စာရှိမှုကို ဖော်ညွှန်းသည့် အလေးပြုခြင်း စနစ်ကိုလည်း သတ်မှတ်ပုံစံတကျ ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေး စွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန် အရေးကြီးကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်း ကောင်းမွန်မှုသည် အရေးကြီးကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ်ကောင်းမွန်စွာ လည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း။

တပ်မတော်သည် အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ခေါင်းဆောင်မှုပိုင်းသည် အလွန်အရေးကြီးကြောင်း၊ တပ်မတော်တွင် အဆင့်ဆင့်သတင်းပို့တင်ပြမှုသည် အရေးကြီးသည့်အတွက် မှန်မှန်ကန်ကန်ဖြင့် အတ္တ၊ ပရ ညီညွတ်မျှတစွာ သတင်းပို့တင်ပြရန် လိုကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လက်အောက်ကသတင်းပို့တင်ပြမှုများအပေါ် အရေးတယူ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင် ဦးဆောင်သူများသည် မှန်ကန်သော ဦးဆောင်မှုများ လုပ်ဆောင်သွားရန်လိုပြီး မှန်ကန်သော ဦးဆောင်မှုဆိုသည်မှာ ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့် ကိုက်ညီလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည် ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန် လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိပြီး ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့်လိုအပ်သည့် သက်သာချောင်ချိရေး ကိစ္စရပ်များကို

စာမျက်နှာ ၆ သို့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၅ မှ

ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန် အလေးထားမှာကြားလိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာ ချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း။

☆ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို

☆ ပြည်သူကယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လို

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန်လိုအပ်ပြီး တာဝန်ရှိသူများကလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အပျော်အပါး၊ လောင်းကစားမှုဆိုင်ရာ ကိစ္စစသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန်လိုအပ်ကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေး အတွက် လိုအပ်သည်များ စဉ်ဆက်မပြတ် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံး တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများ အနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများ၊ မွေးမြူရေး သိပ္ပံကျောင်းများသို့ ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုကြောင်း။

တပ်မတော်သား များသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့် တပ်နယ်မှူးတို့က လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးနှင့် တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းတွင်လည်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွား၊ အသားတိုးနွား၊ DYL ဝက်၊ ငါး၊ ဥစားကြက်၊ အသားစားကြက်၊ ကာကီကင်းဘဲများ၊ ဒေသကြက်များ မွေးမြူထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်များ တွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေး



နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီး ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ငါးဦးအပါအဝင် ကော်မတီဝင် စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ညှိနှိုင်းရေးကော်မတီကို ၂၀၂၁ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့သုံးဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယခင် NCA အရ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် UPDJC၊ JMC တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ToR၊ SOP တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ JMCတွင်လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန် ပါရှိသဖြင့် JMC အရပ်သားကိုယ်စားလှယ်များနှင့် JMC-TSC တို့ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအား လိုအပ်သူများထံသို့ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရွေးကောက်ခံအစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များ ရှိပြီဖြစ်သဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် UPDJC၊ JMC လုပ်ငန်းစဉ်များအား ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယနေ့ အစည်းအဝေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ခြင်း အချက်တစ်ခုဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးခြင်းကို အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ JMC နှင့် ပေါင်းစပ်၍ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများမှ သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ သဘောတူညီချက် ၇၂ ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ NSPNC အဖွဲ့ဝင်သစ်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများအား အကြံပြုဆွေးနွေး ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ဆွေးနွေးရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အတွက် အထောက်အကူ ဖြစ်ကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး ဖြစ်သည်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြသရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များပါဝင်သည့် စေ့စပ်ညှိနှိုင်းမည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီလည်း ရယူဆောင်ရွက်သွားသင့်ကြောင်း၊ ဆွေးနွေးရာတွင် အမှားကို ထောက်ပြခြင်းထက် အမှန်လမ်းကြောင်းကို ချပြဆွေးနွေးသင့်ကြောင်း၊ ငြိမ်းချမ်းရေး အကျိုးဆောင်များ ရွေးချယ်ဆောင်ရွက်ခြင်းမျိုး ပြုလုပ်သင့်ကြောင်း၊ ဆွေးနွေးမှုများတွင် ပြည်သူလူထုအသံ ပိုမိုပါဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ လူသားချင်းစာနာ ထောက်ထားမှုများ ဆက်လက်ဆောင်ရွက်ပေးရန် လိုကြောင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေး၊ သတင်းအချက်အလက် ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အားကိုလည်း ရယူရန်လိုကြောင်း၊ ပဋိပက္ခဒေသရှိ ဒေသခံများ၏ အားကိုလည်း အသုံးချဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဒေသအတွင်းရှိပြည်သူလူထုများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **လုပ်ငန်းကော်မတီရုံး (နေပြည်တော်)**
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၅၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

(ခ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

(ဂ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကယားပြည်နယ်)**
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

(ဃ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ကရင်ပြည်နယ်)**
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၃၄၃၇၊ ၀၅၈-၂၀၂၃၄၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

(င) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ချင်းပြည်နယ်)**
- (၁) ၀၃၃-၃၂၃၁၄၊ ၀၃၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

(စ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၂၃၆၆၊ ၀၃၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

(ဆ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

(ဇ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

(ဈ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

(ည) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

(ဋ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (မွန်ပြည်နယ်)**
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

(ဌ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရခိုင်ပြည်နယ်)**
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

(ဍ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

(ဎ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ရှမ်းပြည်နယ်)**
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

(ဏ) **လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံဖြေကြား၍ ဆက်လက်ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

## နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

နေပြည်တော် ဧပြီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်ကြားရေးနှင့် ကုသရေးမှ တာဝန်ရှိသူများအား ယနေ့တွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်တွင် နိုင်ငံတော်၏ အနာဂတ်ကာလတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အဓိကဦးစားပေးအနေဖြင့် အခြေခံမှုစ၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု လမ်းညွှန်မှာကြားပါကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်သည့် မူဝါဒများချမှတ်အကောင်အထည်ဖော်သည့်နေရာတွင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်၊ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု Universal Health Coverage (UHC)ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည့်အတွက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်းတိုးမြှင့်လာစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစား၍ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရက်(၁၀၀)စီမံချက်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ရှိ နှလုံးဆေးကုဌာနများတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်နှင့် ဆေးကုသမှုများအား လူဦးရေ ၁၀၀၀၀၀ အတွက် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာတိုင်း၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၌ သူနာပြုသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှင့် ပတ်သက်၍ အရည်အသွေးပြည့်မီသော အထူးကုဆရာဝန်များဖြစ်စေရန်အတွက် ဘွဲ့လွန်ရရှိရေးသည် အရေးကြီးသကဲ့သို့ ကျင့်ဝတ်နှင့်ကိုက်ညီပြီး နိုင်ငံတော်အပေါ်သစ္စာရှိသော၊ ပြည်သူလူထုအား အလုပ်အကျွေးပြုသော ကျန်းမာရေးဝန်ထမ်းများဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေးနှင့် ကုသရေး တာဝန်ရှိသူများအနေဖြင့် ဆေးပညာသင်ကြားရေးအပြင် ဆေးကုသမှုလုပ်ငန်းများတွင်ပါ စံပြ (Role Model) အနေဖြင့် နေထိုင်ပြုမူကျင့်ကြံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ (၁/၂၀၂၆) အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ပညာသင်နှစ်၌ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများအလိုက် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များ၊ တက္ကသိုလ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့် လျာထားဦးရေနှင့် လူတွေ့နှုတ်ဖြေ အမှတ်ပေး "မူ" သတ်မှတ်ခြင်းကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးမှ ထွက်ပေါ်လာသော သဘောတူဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းတင်ပြဆွေးနွေးပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) က ၂၀၂၇ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များ၊ ဝင်ခွင့်ခေါ်ယူမည့် လုပ်ငန်းအစီအစဉ်နှင့် ဘာသာရပ်အလိုက် လျာထားဦးရေသတ်မှတ်ရန်ကိစ္စများကို တင်ပြရာ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဝင်များဖြစ်သော ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဒီပလိုမာသင်တန်း ၁၈ ခု၊ မဟာသိပ္ပံသင်တန်း ၆၀ နှင့် ပါရဂူဘွဲ့သင်တန်း ၆၆ ခု စုစုပေါင်း ၁၄၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာဘွဲ့ ရရှိသူပေါင်း ၄၀၁၈ ဦး၊ မဟာသိပ္ပံဘွဲ့ ရရှိသူပေါင်း ၁၁၇၅၉ ဦးနှင့် ပါရဂူဘွဲ့ ရရှိသူပေါင်း ၁၇၆၃ ဦး စုစုပေါင်း ၁၇၅၄၀ ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့၊ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် "ပြည်သူများဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသော အတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစတင်ဆောင်ရွက်မည့်အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်းပြောင်းလဲမှုမရှိဘဲ ၁ နှစ်လျှင် ၅ % ဖြင့် သီးနှံအမျိုးအစားအလိုက် ၁ ဧကလျှင် အောက်ပါနှုန်းထားအတိုင်း တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည် -

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ(မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (ခ) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (ဂ) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

၄။ ထို့အပြင်လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့်စက်မှုလုပ်ငန်း(Agro-based Industry) ကို တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသော အတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်းလက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ၆% ၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက်တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂ - ၅ - ၂၀၂၆ ရက်နေ့မှ စတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံး ဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းထိန်းမျှော်စင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြန်မာ့မီးရထား၊ နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Locomotive (BEL) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit–BEMU) တည်ဆောက်နေမှုများနှင့် မေ ၁ ရက်တွင် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ စတင်ပြေးဆွဲမည့် DEMU အမြန်ရထားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းထိန်းမျှော်စင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services (PAS) ကုမ္ပဏီမှ တာဝန်ရှိသူများက လေကြောင်းထိန်းမျှော်စင် အသစ်တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားမှု၊ မြေသားစမ်းသပ်ဆောင်ရွက်ထားမှု၊ တည်ဆောက်မည့် လေကြောင်းထိန်းမျှော်စင်ဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြပြီး Bore Pile ဆောင်ရွက်နေမှုနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြေငလျင်ဒဏ်ခံနိုင်သည့် Structure ဒီဇိုင်းဖြစ်ကြောင်း သက်ဆိုင်ရာကော်မတီများ၏ သဘောထားမှတ်ချက်၊ စစ်ဆေးမှုကိုခံယူပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်၊ လုပ်ငန်းအပိုင်းအလိုက် ပြီးစီးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/ မရှိ စံချိန်စံညွှန်းစစ်ဆေးရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီများဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၊ နေပြည်တော်စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်၍ Battery Electric Locomotive တည်ဆောက်နေမှုများ၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (BEMU) တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ စက်ခေါင်းများကို သတ်မှတ်အချိန်ဇယား (Working Schedule) နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁ ရက်တွင် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင်စတင်ပြေးဆွဲမည့် DEMU အမြန်ရထားတွဲများကို စစ်ဆေးကြည့်ရှုပြီး ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန် အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဧပြီ ၂၃

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မာဂူလန် ဘိုင်မူခန် ကို ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များတွင် ခရာကော်စီးပွားရေးတက္ကသိုလ်မှလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံရှိ ဗန်ကူဗာတက္ကသိုလ်မှလည်းကောင်း ဘွဲ့များရရှိခဲ့ပါသည်။ မစ္စတာ ဘိုင်မူခန်သည် ၁၉၉၉ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ သံတမန်ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပိုလန်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံနှင့် လူဇင်ဘက်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဆိုင်ရာ ကာဇက်စတန်အဖွဲ့ရုံး၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန် သံအမတ်ကြီးအဖြစ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ ကာဇက်စတန်အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ မာဂူလန် ဘိုင်မူခန် သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိပါသည်။

သတင်းစဉ်

## မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၃

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဓလ

# ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



ဖနောင်ပင် ဧပြီ ၂၃

ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနတ်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ကာကွယ်ရေးဝန်ကြီး တုန်ကျွင်းတို့အား ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်တွင် ဧပြီ ၂၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးသည့် မူဝါဒနှင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုသာ လက်ခံကျင့်သုံးနေကြောင်း ဝန်ကြီးချုပ် ဟွန်မာနတ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အဆင့်မြင့် ဆက်သွယ်ဆက်ဆံမှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး သန့်ရှင်းသည့်စွမ်းအင်၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် အရည်အသွေးမြှင့်တင်ရေးကဏ္ဍများတွင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံမှ လုပ်ငန်းများ ကမ္ဘောဒီးယားနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံခြင်းကို ကြိုဆိုကြောင်းနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများနှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ လိမ်လည်မှုများကို တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂကဲ့သို့သော စင်္ကြံများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ် ကျင်းပသည့် ၂+၂ မဟာဗျူဟာမြောက်ဆွေးနွေးပွဲ (Strategic Dialogue Mechanism) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မျက်မှောက် ကမ္ဘာ့အခြေအနေများ ရှုပ်ထွေးနေချိန်တွင် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကာ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်မှုရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်္ကြံနှင့် စပါး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်္ကြံများကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံစလုံးအနေဖြင့် နယ်စပ်ဖြတ်ကျော် လောင်းကစားမှုများနှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ လိမ်လည်မှုများကို နှိမ်နင်းမည်ဖြစ်ပြီး နိုင်ငံတကာရေးရာကိစ္စရပ်များတွင်လည်း တရားမျှတမှုကို ကိုင်စွဲကာ အပြန်အလှန် အကူအညီများပေးအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းဆွေးနွေးမှုအတွင်း တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး တုန်ကျွင်းက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်ကားထုတ်လုပ်သည့် ရှပင်းကုမ္ပဏီ “ပျံသန်းနိုင်သော” ကားများကို လာမည့်နှစ် ထုတ်လုပ်ရန် မျှော်မှန်း



ပေကျင်း ဧပြီ ၂၃

တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်ကားထုတ်လုပ်သည့် ရှပင်းကုမ္ပဏီသည် ၎င်းတို့၏ “ပျံသန်းနိုင်သော” ကားများကို လာမည့်နှစ်တွင် အကြီးစားစတင်ထုတ်လုပ်ရန်နှင့် လူသားပုံတူစက်ရုပ်များကို ၂၀၂၆ ခုနှစ်၏ စတုတ္ထသုံးလပတ်တွင် စတင်ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှပင်းနှင့် ပူးပေါင်း၍ ၎င်းတို့၏ ပထမဆုံး လျှပ်စစ်ကား မော်ဒယ်ကို ပြီးခဲ့သည့်လက အမြောက်အမြား စတင်ထုတ်လုပ်ခဲ့သည့် ဂျာမနီနိုင်ငံမှ ဖောက်စ်ဝက်ဂွန်ကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် အလားအလာကောင်းများစွာ ရှိနေသည်ဟု ဆိုသည်။

ထိုကုမ္ပဏီအနေဖြင့် အခြားသော မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လမ်းဖွင့်ထားပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍရပ်များစွာတွင် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ကွန်ပျူတာနှင့်ဉာဏ်ရည်တုနည်းပညာ မြှင့်တင်ရန်အတွက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီက အမြောက်အမြားရင်းနှီးမြှုပ်နှံမည်

ဝါရှင်တန် ဧပြီ ၂၃

မိုက်ခရိုဆော့ဖ်ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံအတွင်း ကွန်ပျူတာနည်းပညာနှင့် ဉာဏ်ရည်တုစွမ်းဆောင်ရည်များကို မြှင့်တင်ရန်အတွက် ၂၀၂၉ ခုနှစ်ကုန်တွင် ဩစတြေးလျဒေါ်လာ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉ ဘီလီယံ) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုသည် အဇူရဲအေအိုင် စူပါကွန်ပျူတာစနစ်နှင့် ကလောက်ဒ်အခြေခံ အဆောက်အအုံများကို တိုးချဲ့ရန်၊ ဆိုင်ဘာလုံခြုံရေးကို အားကောင်းစေရန်နှင့် ဉာဏ်ရည်တုဆိုင်ရာ ကျွမ်းကျင်မှုများကို မြှင့်တင်ရန် အထောက်အကူပြုမည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံအနေဖြင့် ဉာဏ်ရည်တုနည်းပညာကို အစစ်အမှန်စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ရန် အခွင့်အလမ်းကောင်းများစွာရှိနေသည်ဟု မိုက်ခရိုဆော့ဖ်၏ အမှုဆောင်အရာရှိချုပ် ဆတ္တယနာဒဲလားက ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## ဖင်လန်နိုင်ငံအခြေစိုက် နိုကီယာဆက်သွယ်ရေးကုမ္ပဏီ အသားတင်လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ တိုးမြှင့်လာ

ဟယ်လ်စင်ကီ ဧပြီ ၂၃

ဖင်လန်နိုင်ငံအခြေစိုက် ဆက်သွယ်ရေးပစ္စည်းထုတ်လုပ်သည့် နိုကီယာကုမ္ပဏီ၏ အသားတင်လုပ်ငန်း လည်ပတ်မှုအမြတ်ငွေသည် ခန့်မှန်းထားသည်ထက် ပိုမိုမြင့်တက်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါကုမ္ပဏီသည် ယူရို ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ)ဖိုးအထိ အော်ဒါများလက်ခံရရှိခဲ့ပြီး ဉာဏ်ရည်တုနှင့် ကလောက်ဒ်ဝန်ဆောင်မှုအသုံးပြုသူများထံမှ လိုအပ်ချက်များ ဆက်လက်မြင့်မားနေခြင်းကြောင့် ယခုကဲ့သို့ အမြတ်အစွန်းများလာခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၏ ပထမသုံးလပတ်ကာလအတွင်း လုပ်ငန်းလည်ပတ်မှုအမြတ်ငွေသည် ၅၄ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့ကာ ယူရို ၂၈၁ သန်းအထိ ရှိခဲ့သည်။

ဖိုက်ဘာအော့ပတစ်ကေဘယ်လ်များကို အသုံးပြုသည့် ဟိုက်ပါစကေလာခေါ် ကလောက်ဒ်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစုကြီးများ၏ ဒေအိုင်ဒေတာစင်တာများ တည်ဆောက်ရန် လိုအပ်ချက်မြင့်မားလာရာမှ နိုကီယာ၏ ရောင်းအား သိသိသာသာ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon



## ကနေဒါနိုင်ငံ၏ ပြယုဂ်တစ်ခုဖြစ်သော မေပယ်သကာရည်ကို အရှေ့တောင်အာရှတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုလာ

အော့တဝါ ဧပြီ ၂၃

ကနေဒါနိုင်ငံ၏ ပြယုဂ်တစ်ခုဖြစ်သော မေပယ်သကာရည်ကို နွေဦးကာလတွင် ကွိဗက်ပြည်နယ်ရှိ သကြားချက်စခန်းများ၌ မိသားစုများနှင့် မိတ်ဆွေသူငယ်ချင်းများ စုဝေးကာ ဆီးနှင်းပေါ်သို့ ထိုသကာရည်လတ်လတ်ဆတ်ဆတ်များလောင်း၍ တုတ်ချောင်းဖြင့်လိပ်ကာ ပြုလုပ်ရသော မေပယ်တက်ဖီ အချိုမုန့်အဖြစ် ဖန်တီးလေ့ရှိကြောင်း သိရသည်။

အဆိုပါဓလေ့သည် မတ်လနှင့် ဧပြီလကြား မေပယ်စိုက်ပျိုးရေးခြံများမှ ဧည့်သည်များကို လာရောက်ခွင့်ပြုသည့် ခြောက်ပတ်မှ ရှစ်ပတ်အထိ ကြာမြင့်သော နှစ်သက်မြတ်နိုးဖွယ်ရာသီအလိုက် အစဉ်အလာတစ်ခုဖြစ်သည်။

လက်ရှိတွင် အာရှတစ်လွှားရှိ ၀ယ်လိုအားမြင့်တက်လာမှုနှင့်အတူ မေပယ်သကာရည်သည် မြောက်အမေရိကပြင်ပရှိ ဒေသများတွင်လည်း ရေပန်းစားလာလျက်ရှိသည်။

ယခင်က ပန်ကိတ်များပေါ်တွင် ဆမ်း၍ စားသုံးခဲ့ကြသော်လည်း ယခုအခါ ဂျပန်နိုင်ငံ၏ အသားနှပ်နည်းစနစ်များ၊ တောင်ကိုရီးယား မုန့်ဖုတ်လုပ်ငန်းများနှင့် အရှေ့တောင်အာရှရှိ ပန်ကိတ်ကဲ့သို့သော အချိုပွဲများတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြောင်း သိရသည်။

Mon

0-0-0-0-0

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး









**မန္တလေး ဧပြီ ၂၃**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှုများဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးခင်မောင်အေး လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို မူဝါဒများ၊ လမ်းညွှန်ချက်များအတိုင်း စနစ်တကျစီမံကာ ဖွဲ့စည်းတာဝန်ပေးထားသည့် လုပ်ငန်းကော်မတီ၊ ဦးစီးကော်မတီဝင်များနှင့် ပညာရှင်များဖြင့် ရှေးမူမပျက် အကောင်းဆုံးဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းပြီးစီးမှု တိုးတက်လာပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး၊ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာဖြင့် တင်ပြသွားရေးတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ စည်ပင်သာယာရေးဝန်ကြီးက မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့က မဟာမုနိရုပ်ရှင်တော်မြတ် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့သည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးသို့သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် လူဦးရေ (၁၁၀၀)ဦးကျော်ဆံ့ ဘွဲ့နှင်းသဘင်ခန်းမကြီးအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)က ကြီးကြပ်ဆောင်ရွက်ပြီးစီးခဲ့မှု၊ ထပ်မံ၍ ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးမှုဖြင့် ပါရီးမြေကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမကြီးအတွင်းရှိ စတိတ်စင်အား ခြောက်ပေတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့က လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား မှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေ



**ချောက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့တွင်းမီးပွိုင့်လမ်းဆုံနှင့် မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်ပါ ဆိုင်းဘုတ်တွင် အပူဒဏ်ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ အပူဒဏ်မှ ကာကွယ်ရန် အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများ၊ အပူဒဏ်အန္တရာယ် ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များပါ အသိပညာပေး လက်ကမ်းစာစောင်များအား မြို့မဈေး၌ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်စေရန် ဖြန့်ဝေပေးအပ်ခဲ့ပြီး အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို ချောက်မြို့ပေါ်နှင့် မြို့နယ်အတွင်း အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)




## ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ လာဇီယိုအသင်း တက်ရောက်

**မီလန် ဧပြီ ၂၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ လာဇီယိုအသင်း တက်ရောက်နိုင်ခဲ့သည်။

လာဇီယိုအသင်းသည် ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အတ္တလန္တာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် လာဇီယိုအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## ဘန်လေအသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရ

**လန်ဒန် ဧပြီ ၂၃**

ဘန်လေအသင်းသည် ပရီးမီးယားလိဂ်မှ အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။

ဘန်လေအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၄ ပွဲကစားအပြီးတွင် ရမှတ် ၂၀မှတ်သာ ရရှိထားပြီး အဆင့် ၁၇ နေရာမှ ဝက်စ်ဟမ်းအသင်းနှင့် ၁၃မှတ်အထိ ကွာဟနေမှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုမှာပင် တန်းဆင်းခဲ့ရသည်။

ဘန်လေအသင်းသည် ငါးရာသီအတွင်း တတိယအကြိမ်မြောက် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ဝုဖ်အသင်းနှင့် ဘန်လေအသင်းတို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။**(အပေါ်ပုံ)(NGB)**



## 2026 Huzhou Open တင်းနစ်ပြိုင်ပွဲ ဧပြီ ၂၇ရက်တွင် စတင်မည်

**ပေကျင်း ဧပြီ ၂၃**

တရုတ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Huzhou Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၂၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Huzhou Open တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၇ရက်မှ မေ ၄ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Huzhou Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Huzhou Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆလိုဗေးနီးယားတင်းနစ်မယ် Veronika Erjavec ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ဂျိမ်းစ်တာဗာနီယာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရိန်းဂျားစ်အသင်းမှ ထွက်ခွာမည်

**လန်ဒန် ဧပြီ ၂၃**

ဝါရင့်နောက်ခံကစားသမား ဂျိမ်းစ်တာဗာနီယာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရိန်းဂျားစ်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဂျိမ်းစ်တာဗာနီယာသည် ရိန်းဂျားစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆၂ ပွဲကစားကာ ၁၄၄ ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ကြောင့် နောက်ခံကစားသမား ဂျိမ်းစ်တာဗာနီယာအနေဖြင့် ရိန်းဂျားစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## နည်းပြ ဂျော်ဂီဟာဂျီအား နည်းပြသစ်အဖြစ် ရိုမေးနီးယားလက်ရွေးစင်အသင်း ခန့်အပ်

**လန်ဒန် ဧပြီ ၂၃**

ရိုမေးနီးယားလက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျော်ဂီဟာဂျီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် ရိုမေးနီးယားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

နည်းပြ ဂျော်ဂီဟာဂျီသည် နည်းပြဘဝတစ်လျှောက်တွင် ဂါလာတာစာရေး၊ ဘာဆာစပေါ စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့်နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ရိုမေးနီးယားလက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၆၁)နှစ်အရွယ်ရှိ ဂျော်ဂီဟာဂျီက "ကျွန်တော် အခုလို ရိုမေးနီးယားလက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဘရန့်ဝိတ် တံကောက်ကြောဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၂၃**

အဲဗာတန်အသင်း နောက်ခံကစားသမား ဘရန့်ဝိတ်သည် တံကောက်ကြောဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် အဲဗာတန်အသင်းက လီဗာပူးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘရန့်ဝိတ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အဲဗာတန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘရန့်ဝိတ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ဆဲလ်တာဗီဂိုအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းသည် ဂိုးသမား ဗစ်တာ ဘိုင်ယာအား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည်။ **(NGB)**

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၀၀နာရီ | (၃)လိုက်ပဇစ် - ယူနီယံဘာလင်(၁၁)<br>(L,W,W,W,W) (W,L,D,L,L) | လိုက်ပဇစ် ၀-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၀-၀ လိုက်ပဇစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၃၀နာရီ | (၅)ဘက်တစ် - ရီးရဲလ်မက်ဒရစ်(၂)<br>(D,D,D,L,W) (L,L,D,L,W) | ဘက်တစ် ၂-၁ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၀ ဘက်တစ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၁) ဆန်းဒါးလန်း - နော့တင်ဟမ်(၁၆)<br>(L,L,W,W,L) (W,D,D,W,W) | ———— |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၁၂)ဘရက်စ် - လန်းစ်(၂)<br>(W,L,L,L,D) (W,L,W,W,W) | ဘရက်စ် ၁-၃ လန်းစ်<br>လန်းစ် ၂-၀ ဘရက်စ် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၂၃)လက်စတာ - မီလ်ဝေါလ်(၃)<br>(D,D,L,L,D) (W,L,D,W,W) | လက်စတာ ၃-၂ မီလ်ဝေါလ်<br>မီလ်ဝေါလ် ၁-၀ လက်စတာ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၅-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၃)နာပိုလီ - ခရီမိုနီဆီ(၁၇)<br>(W,W,W,D,L) (L,W,L,L,D) | နာပိုလီ ၃-၀ ခရီမိုနီဆီ<br>ခရီမိုနီဆီ ၁-၄ နာပိုလီ |

## (VDP) စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်းဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက်က အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ဒေသခံကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ကျေးရွာများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း၊ တက်ရောက်လာသည့်သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်ရာ၌ အခက်အခဲမဖြစ်စေရန် သင်တန်းမှပို့ချမည့် ဘာသာရပ်များကို သင်ယူစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။



ထို့နောက် သင်တန်းကို ဖွင့်လှစ်ကာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဦးစီးအရာရှိဒေါ်ပြည့်ဖြိုးကျော်က(VDP)စီမံကိန်းတွင် ပါဝင်သည့် AVIP ပုံစံများနှင့် စာရင်းဇယားဖြည့်သွင်းနည်းစနစ်များ၊ ရက် ၁၀၀ စီမံချက် အသုံးစရိတ်ရေးဆွဲပြုစုခြင်းများကိုလည်းကောင်း၊ (အငယ်တန်း အင်ဂျင်နီယာ-၂) ဦးထွန်းလင်းအောင်က စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်အကြောင်းအရာများကိုလည်းကောင်း စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေဘိုရွာသစ်ကျေးရွာမှ စီမံကိန်းကော်မတီဝင်များ တက်ရောက်သင်ကြားခဲ့ကြောင်း သိရပြီး သင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)



## တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဖွင့်လှစ်

**မန္တလေး ဧပြီ ၂၃**

သာသနာရေးဝန်ကြီးဌာန၊သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သာသနာ့တက္ကသီလာဓမ္မာစရိယတန်း (စတုတ္ထနှစ်)သင်တန်းသား သံဃာတော်များ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြု ကြွရောက်ရာတွင် တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုနှင့် ဒေသခံတိုင်းရင်းသားများအား တစ်ဖက်တစ်လမ်းမှ တိုင်းရင်းဆေးဖြင့် ကူညီစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ် ၂၀ သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) တွင်ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရ၊ ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော်ဒေါက်တာ ဘဒ္ဒန္တပဒုမသာရ၊ မော်ကွန်းထိန်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမုဒ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်း၊ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခ ငွေးလွင်၊ ပါမောက္ခ/ဌာနမှူးများ မော်ကွန်းထိန်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဦးနိုင်အောင်မိုး၊ ညွှန်ကြားရေးမှူး ဦးဝင်းသိန်းထွန်းနှင့် တာဝန်ရှိသူများ၊ သာသနာတက္ကသီလဓမ္မာစရိယ(စတုတ္ထနှစ်)သင်တန်းသား အပါး၇၄ ပါးတို့ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းအား တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှသင်တန်းဆရာ/ဆရာမများက ဧပြီ ၂၃ ရက်မှ မေ ၁၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး (Talk Show) ကျင်းပ

**ချောက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ချောက်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ပြန်/ဆက် လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး(Talk Show)ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းအိမွန်က ပွင့်လင်းရာသီရောက်ရှိလာပြီးရာသီဥတုပူအိုက်လာသည်ဖြစ်၍ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သင့်သည်များကို သတိထားကာကွယ်နိုင်ရေး ရည်ရွယ်၍ "မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး" (Talk Show)ကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူများ လိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ မီးလောင်မှုမဖြစ်ပွားရေး ကြိုတင်ဆောင်ရွက်ထားရှိသင့်သည်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်စီမံဆောင်ရွက်နေမှုနှင့် သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)



## လူငယ်နှင့် ဘဝအောင်မြင်ရေး အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ

**စစ်ကိုင်း ဧပြီ ၂၃**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့် ဘဝအောင်မြင်ရေး အသိပညာပေး ဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ၌ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်နွေရည်ကိုက မေးခွန်းမေးမြန်းသူအဖြစ် ဆောင်ရွက်ပြီး ဒုတိယဦးစီးမှူးဒေါ်ဇာဖြူထွန်းက လူငယ်များဘဝအောင်မြင်ရေးအတွက် မည်သို့ကြိုးစားရန်းကန်သင့်ပုံ၊ ကြိုးစားမှုနှင့် စိတ်ဓာတ်မြှင့်တင်ရေးအကြောင်း၊ လူငယ်များနေ့စဉ် စာဖတ်သည့် အလေ့အကျင့်ထားရှိရန်နှင့် လူငယ်များအတွက် အကြံပေးစကားများအား ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေး Online Talk Show များကို စဉ်ဆက်မပြတ်ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

အေးငြိမ်းစံ(ပြန်/ဆက်)

*-*-*-*-*

## စိန်တစ်လုံးသရက် လူကြိုက်များ၍ မန္တလေးဈေးကွက်အတွင်း အရောင်းသွက်နေ

မန္တလေးမြို့ရှိ သစ်သီးပွဲရုံများတွင် မြန်မာ့သရက်မျိုးများအနက် စိန်တစ်လုံးသရက်သီးသည် အနံ့အရသာကောင်းမွန်ခြင်းကြောင့် ဝယ်ယူသူများကြား လူကြိုက်များကာ အရောင်းအဝယ်သွက်လက်နေသည်။

သရက်သီးမျိုးပေါင်းများစွာရှိပြီး ရာသီအစတွင် အရည်အသွေးမပြည့်စုံသည့်အသီးများ ပထမဆုံးပေါ်ထွက်လာကာ နောက်ပိုင်းတွင် စိန်တစ်လုံးသရက်များ စတင်ထွက်ပေါ်လာသည်။ ထို့နောက် ပန်းဆွဲ၊ ဟသ်ာ စသည့် သရက်မျိုးများ ဆက်လက်ထွက်ရှိလာကြောင်း သစ်သီးပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။

စိန်တစ်လုံးသရက်သည် အရသာကောင်းမွန်ပြီး ဝယ်လိုအား မြင့်မားသည့်အတွက် စိုက်ပျိုးမှု များပြားလာကြောင်း၊ ဒေသနှင့် စိုက်ပျိုးချိန်ပေါ် မူတည်၍ အသီးထွက်ချိန် ကွာခြားသည့်အတွက် ဈေးကွက်ဝင်ရောက်ချိန်နှင့် ရောင်းအားအပေါ် သက်ရောက်မှုရှိသည်။

မန္တလေးဈေးကွက်သို့ ပလိပ်၊ ကျောက်ဆည်၊ ဟံမြင့်မိုရ် စသည့် ဒေသများမှ သရက်သီးများ ဝင်ရောက်လာပြီး ပြည်တွင်းရှိမြို့နယ်အသီးသီးသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိသည်။ အချို့ဒေသများတွင် အသီးအရည်အသွေး မပြည့်စုံသည့်အတွက် မန္တလေးမှ အသီးကောင်းများ ပြန်လည်ပို့ဆောင်ရခြင်းလည်း ရှိသည်။

လက်ရှိတွင် သရက်သီးအဝင်၊ အထွက်များ ရှိနေသော်လည်း ဈေးကွက်အခြေအနေမှာ တည်ငြိမ်နေပြီး ပုံမှန်အရောင်းအဝယ်အခြေအနေကို ထိန်းသိမ်းထားနိုင်သည်။

ထို့အပြင် သရက်သီးကို တာရှည်ခံစားသောက်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်မှုများရှိသော်လည်း နည်းပညာနှင့် ဈေးကွက်လိုအပ်ချက်များကြောင့် ကျယ်ပြန့်စွာ မဖွံ့ဖြိုးနိုင်သေးကြောင်း သိရသည်။

မြန်မာ့စိန်တစ်လုံးသရက်ကို အော်ဂဲနစ်စနစ်ဖြင့် စနစ်တကျတိုးချဲ့စိုက်ပျိုးကာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ပါက တိုင်းပြည်အတွက် ဝင်ငွေတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

လက်ရှိ သရက်ဈေးကွက်အတွင်း စိန်တစ်လုံးသရက်သီး အမျိုးအစားပေါ် မူတည်ကာ လက်ကားဈေးနှုန်း ဆယ်လုံးလျှင် ငွေကျပ် ၉၀၀၀ မှ ငွေကျပ် ၂၅၀၀၀ ကြားတွင် ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# ခင်ကြီးရွာ ဂုဏပူဇာသဘင်

မြန်မာမှု အေးပေါ

ဤကမ္ဘာလောကကြီးတွင်ရှိ တိုင်းနိုင်ငံတစ်ခု၊ လူမျိုးစုတစ်စုတို့ တိုးတက်ကြီးပွားရန်အတွက် ကိုယ်ကျင့်သီလခေါ် 'စာရိတ္တ' နှင့် စဉ်းစားဆင်ခြင်နိုင်သော 'ပညာဉာဏ်'တို့သည် လွန်စွာမှ အရေးပါလှပေသည်။ ထိုသည့်အထဲ 'ပညာဉာဏ်'သည် ဦးဆောင်သူဖြစ်သည်။ 'ပညာဉာဏ်'ဆိုရာ၌ 'စာပေပညာ'နှင့် အတွေ့တွေ့ဗဟုသုတတို့မှရရှိလာသော 'အသိပညာ'ပင်ဖြစ်သည်။ ထိုအထဲတွင်လည်း 'စာပေပညာ'သည် အဓိက ဦးဆောင်သူဖြစ်သည်။ ထို့ကြောင့် ယခုအခါ ဗုဒ္ဓစာပေ တတ်ကျွမ်း၊ ပညာဉာဏ်အောင်ပန်း ဆင်မြန်းနိုင်သော ရဟန်းပညာရှိသူတော်စင်၏ ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပနိုင်ရေး ဦးစားပေးဆောင်ရွက်နေကြသော ကျေးရွာတစ်ခုမှာ ခင်ကြီးစံပြကျေးရွာပင်ဖြစ်သည်။

ခင်ကြီးစံပြကျေးရွာဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်တွင် တည်ရှိသည်။ မိတ္ထီလာခရိုင်သည် ရှေးယခင်အဆက်ဆက် ဘုန်းရှင်၊ ကံရှင်များ ပေါ်ထွန်းခဲ့သော ခရိုင်တစ်ခုဖြစ်သည်။ ဥပမာ ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်ရွာသည် ပုဂံခေတ် သူရဲကောင်း ကျန်စစ်သားမင်းကြီး စစ်သူကြီးဘဝ၌ နေထိုင်ခဲ့သော ရွာပါ။ အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက် စာတိုင်ညီပြိုဟု ထင်ရှားခဲ့သော ပညာရှိအမတ် 'ဝန်ဇင်းမင်းရာဇာ'သည်လည်း မိတ္ထီလာမြို့ ဝန်ဇင်းရွာသားပါ။ မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းကြီး၏ လက်စွဲတော် 'ဦးမောင်ကြီး'သည်လည်း ဝမ်းတွင်းမြို့နယ်မှ ပင်းတလဲရွာသားပါ။ ထို့ပြင် အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသော မြန်မာဗိုလ်မင်းများ၊ သခင်ရဲဘော်များတွင် မိတ္ထီလာနယ်သားအမြောက်အမြားပါရှိကြသည်။ ထိုသည်သာမက မိတ္ထီလာခရိုင်သည် စာပေနှင့် အတီးအမှုတ်၊ အကအခုန် အနုပညာများ ထွန်းတောက်သော ခရိုင်တစ်ခုလည်းဖြစ်သည်။ စာပေကျွမ်းဂန်တတ်ကျွမ်းကြသော ရဟန်းပညာရှိ၊ လူပညာရှိများပေါများသော ခရိုင်ဟုဆိုက မမှားနိုင်ပေ။ ခင်ကြီးစံပြကျေးရွာသည်လည်း မိတ္ထီလာခရိုင်၌ ပါရှိနေသဖြင့် ကဝိအမော် ပညာကျော်များ ပေါများသည်။ ယနေ့ခေတ် မန္တလေးမြို့မှ အငြိမ်းစားကျောင်းအုပ်ဆရာကြီး မြန်မာ့ဘိသိက်တော်ပညာရှိ ဆရာကြီးဦးဉာဏ်ဝေ (မြန္မာဉာဏ်ဝေ) စာရေးဆရာကြီးသည်လည်း ခင်ကြီးစံပြကျေးရွာသားဖြစ်သည်။

ခင်ကြီးစံပြကျေးရွာသည် အိမ်ခြေပေါင်းတစ်ထောင်ကျော်ရှိ၍ အထက်တန်းကျောင်းခွဲ၊ ကျေးလက်ဆေးပေးခန်း၊ မီးရထားဘူတာတို့နှင့် စည်ကားသော ရွာကြီးတစ်ရွာဖြစ်သည်။ ဘုရားကျောင်းကန်၊ စေတီပုထိုး စသည့် သာသနာရေး အဆောက်အအုံများ ပေါများသည့်အပြင် ပြက္ခရွေ့တောင်တန်း၊ ရှမ်းရိုးမတောင်တန်း၊ တောင်ကိုးလုံးတောင်တန်း စသည့် တောင်တန်းများ ဝေ့ဝိုက်ကာဆီးထားသည့် ရွာပါ။ သာယာရှုမောဖွယ်ကောင်းလှပါသည်။ ကောက်ပဲသီးနှံစိုက်ပျိုးသော တောင်ယာလုပ်ငန်းအပြင် ရက်ကန်းလုပ်ငန်း၊ ရွှေပန်းထိမ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် အသက်မွေးကြပါသည်။ ရွာကြီး၏ အရှေ့ဘက်တွင် ရှေးဟောင်းသမိုင်းဝင် 'ရွှေဘုံသာဘုရားကြီး' တည်ရှိသည်။ ထိုဘုရားကြီး၏ပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ သံဃာတော်အပါး ၁၀၀ကျော်အား လှူဒါန်းသော သံဃာ့ဒါနဆွမ်းလောင်းပွဲကြီးသည်လည်း အံ့မခန်းအောင် စည်ကားလှသည်။ ပဋ္ဌာန်းပွဲ၊ ညောင်ရေသွန်းပွဲ၊ ကထိန်ပွဲ၊ ရဟန်းခံရှင်ပြုပွဲ စသည်ဖြင့် ဘာသာရေးပွဲတော်များကို တစ်နှစ်ပတ်လုံး ကျင်းပကြခြင်းဖြင့် ဘာသာတရားလွန်စွာမှ ကိုင်းရှိုင်းသောကျေးရွာပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးခေတ် မိတ္ထီလာအမတ် ဦးထီ၏ ကျေးရွာပြုပြင်ခြင်းလုပ်ငန်းကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ သာယာစည်ကားလှသော ရွာကြီးတစ်ရွာအဖြစ် ရပ်တည်နေပါသည်။ ဘာသာရေး၊ သာသနာရေး စွမ်းဆောင်ချက်အပြင် စာတတ်ပုဂ္ဂိုလ်များထွန်းကားသဖြင့် နာမည်သတင်းကျော်ကြားလှပေသည်။

ထိုခင်ကြီးစံပြကျေးရွာနေ ဦးငွေးဝင်း၊ ဒေါ်ခင်ညိုရီတို့က သာသနာ့အာဇာနည် သားကောင်းရတနာတစ်ပါး ထွန်းကားခဲ့သည်။ သူတို့တွင် သားလေးယောက်၊ သမီးနှစ်ယောက်ပေါင်း ခြောက်ယောက်ထွန်းကားရာမှ လေးယောက်မြောက်သား မောင်သန်းစိုးသည် သာသနာရေးဘက်တွင် ထူးချွန်ထက်မြက်သော သားရတနာဖြစ်သည်။ သားမောင်သန်းစိုး ခုနစ်နှစ်သားအရွယ်တွင် မန္တလေးမြို့ ဦးသိန်းထွန်းအောင်၊ ဒေါ်သန်းသန်းဝင်းတို့က ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေပြုပေးခဲ့သည်။ မိခင်၊ ဖခင်များကလည်း သားငယ်တစ်ဆယ့်နှစ်နှစ်အရောက်တွင် ဆရာတော် ဘဒ္ဒန္တဓမ္မဒိန္နအား ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရှင်သာမဏေပြုပေးကာ ဘွဲ့တော်မှာလည်း 'ရှင်သေဋ္ဌိလ'ဟု ခေါ်တွင်စေခဲ့ပါသည်။

အရှင်သေဋ္ဌိလသည် ၁၃၇၈ ခုနှစ်တွင် သာမဏေကျော်ဘွဲ့ရှစ်ဘွဲ့ကို ရယူတော်မူကာ ခင်ကြီးစံပြကျေးရွာ၏ ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။ ၁၃၇၉ ခုနှစ်တွင် သာသနာ့ဒါယကာများဖြစ်ကြသော ဦးချွန်ကြီး၊ ဒေါ်ချိုချိုစန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥပသမ္ပဒါ မြင့်မြတ်သော ရဟန်းဘောင်သို့ရောက်ရှိကာ ၁၃၈၅ ခုနှစ်တွင် ဓမ္မာစရိယ စာချတန်းအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သည်။ ရဟန်းတော်လေးသည် ယခုအခါ ပရိယတ္တိစာပေသင်ကြားပို့ချခြင်း၊ တတ်သိနားလည်သော စာပေကျမ်းဂန်တို့ဖြင့် ကျေးဇူးရှိသူများကို ပြန်လည် ဟောကြားကျေးဇူးဆပ်ခြင်း၊ မိမိကိုယ်တိုင်၌လည်း ပဋိပတ္တိကျင့်ကြံ ပွားများခြင်းဖြင့် မြတ်ဘုရားသာသနာတော်ကို စောင့်ရှောက်တော် မူပါသည်။ ထို့ကြောင့်လည်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ပြည့်စုံတော်မူသဖြင့် ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပရန် ကျေးရွာမှ ပြင်ဆင်နေကြခြင်း ဖြစ်ပါသည်။

> "ပညာ"ကို မြန်မာ့အဘိဓာန်တွင် "အတတ်ပညာ၊ ခွဲခြမ်းသိမြင်နိုင်သောအရာ၊ အသိဉာဏ်"ဟု ဖော်ပြထားသည်။ တစ်နည်းဆိုရသော် အသိဉာဏ်သည် "ပညာ" ဖြစ်သည်။ "ပညာ"သည်သာ အားကိုးစရာ၊ "ပညာ"သည်သာ အားထားစရာဟု ဆိုကြသည်။ "ပညာ"သည် အရာရာကိုစွမ်းနိုင်သမျှ အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်သော စွမ်းရည်ရှိသဖြင့် "ရတနာ"ဟု ခေါ်ထိုက်ပေသည်။ ထို့ကြောင့် လူတို့၏ ရတနာသည် "ပညာ"ပင်ဖြစ်သည်။ ရတနာဟူသည် "စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ"ဆိုသော ဒေသနာတော်အရ စိတ်မှာစွဲကပ် အလေးအမြတ်ပြုအပ်သည့်အရာ၊ အဖိုးထိုက်တန် အမျိုးမှန်သည့်အရာ အတုမရှိ မတုပနိုင်သည့်အရာ၊ တွေ့မြင်ရန် ရှားပါးသောအရာ၊ မွန်မြတ်သူတို့သာ သုံးဆောင်နိုင်သည့် အရာဖြစ်သည်။ ထို့ကြောင့် "ပညာ"သည် "ရတနာ" ဖြစ်ထိုက်သော ဂုဏ်အင်္ဂါငါးပါးနှင့် ကိုက်ညီနေပေသည် . . .

'ပူဇော်ထိုက်သူကို ပူဇော်ခြင်း'သည် မင်္ဂလာတစ်ပါးပါ။ အဘယ်ကြောင့်ဆိုသော် 'သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ'ဟုဆိုအပ်သော ပိဋကတ်စာပေများကို သင်ကြားတတ်မြောက်ခြင်းသည်လည်း မင်္ဂလာမြောက်သော ဂုဏ်အင်္ဂါတစ်ပါးပါ။ တတ်သိနားလည်ထားသော စာပေဓမ္မခန်းများကို ပြန်လည်မျှဝေခြင်းသည်လည်း မင်္ဂလာမြောက်သော ဂုဏ်အင်္ဂါတစ်ပါးပါ။ တန်ဖိုးအနဂ္ဃများစွာ ထိုက်တန်လှသည့် ရတနာများစွာပိုင်ဆိုင်ထားသူဟု ဆိုပါရစေ။ သီလသည်လည်း ရတနာ၊ သမာဓိသည်လည်း ရတနာ၊ ပညာသည်ကား ထူးကဲလှစွာသော ရတနာပင်ဖြစ်သည်။

ဤပညာရတနာ၏အကြောင်း အနည်းငယ်မျှ ရှင်းရလျှင် 'ပညာ'ကို မြန်မာ့အဘိဓာန်တွင် 'အတတ်ပညာ၊ ခွဲခြမ်းသိမြင်နိုင်သောအရာ၊ အသိဉာဏ်'ဟု ဖော်ပြထားသည်။ တစ်နည်းဆိုရသော် အသိဉာဏ်သည် 'ပညာ'ဖြစ်သည်။ 'ပညာ'သည်သာ အားကိုးစရာ၊ 'ပညာ'သည်သာ အားထားစရာဟုဆိုကြသည်။ 'ပညာ'သည် အရာရာကိုစွမ်းနိုင်သမျှ အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်သော စွမ်းရည်ရှိသဖြင့် 'ရတနာ'ဟုခေါ်ထိုက်ပေသည်။ ထို့ကြောင့် လူတို့၏ရတနာသည် 'ပညာ'ပင်ဖြစ်သည်။ ရတနာဟူသည် 'စိတ္တီကတံ မဟဂ္ဃဉ္စ၊ ဒုလ္လဘဒဿနံ'ဆိုသော ဒေသနာတော်အရ စိတ်မှာစွဲကပ် အလေးအမြတ်ပြုအပ်သည့်အရာ၊ အဖိုးထိုက်တန် အမျိုးမှန်သည့်အရာ၊ အတုမရှိ မတုပနိုင်သည့်အရာ၊ တွေ့မြင်ရန် ရှားပါးသောအရာ၊ မွန်မြတ်သူတို့သာ သုံးဆောင်နိုင်သည့်အရာဖြစ်သည်။ ထို့ကြောင့် 'ပညာ'သည် 'ရတနာ' ဖြစ်ထိုက်သော ဂုဏ်အင်္ဂါငါးပါးနှင့် ကိုက်ညီနေပေသည်။ သပြေကန်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိဿယသစ်တွင် 'လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုရဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊ သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာအနက်ငါး'ဟု မှတ်သားရလွယ်ကူစေရန် ရေးစပ်သီကုံးတော်မူခဲ့သည်။ ထို့ကြောင့်လည်း ဂေါတမဗုဒ္ဓဘုရားအလောင်းတော်သည် ပါရမီတော် ဖြည့်ကျင့်ရာ၌ 'ပညာပါရမီ'ကို ထူးကဲစွာ ဖြည့်ကျင့်တော်မူခဲ့သဖြင့် 'ပညာဓိက ဘုရား'အဖြစ် ပွင့်တော်မူခဲ့ခြင်းဖြစ်သည်။ ပညာသည် လောက လူသားတိုင်း၏ ဦးစီးဦးဆောင်ဖြစ်သည်။ သံယုတ်ပါဠိတော်၌ 'ပညာသမာ အာဘာနတ္ထိ' ပညာနှင့်တူသော ရှေ့ဆောင်လမ်းပြသည့် အလင်းရောင်သည် မရှိဟုဆိုပါသည်။ 'ပညာနရာနံ ရတနံ' ပညာသည် လူတို့၏အဆင်းတန်ဆာ ရတနာဖြစ်သည်ဟုလည်းဆိုပါသည်။ ပညာဆိုသောအရာသည် 'သီလနှင့်သမာဓိ' တို့ကို ထိန်းကျောင်းနိုင်ရုံသာမက စိတ်ကိုလည်း ချုပ်ကိုင်လွှမ်းမိုးနိုင်သည်။ ထို့ပြင် ပညာဖြင့် 'တဏှာအမှောင်' ကိုခွင်း၍ 'မဂ်' တည်းဟူသော 'ပညာအလင်း'ကိုလည်း မြင်စေနိုင်၏။ ထို့ကြောင့် ပညာသည်သာ အမြတ်ဆုံးဖြစ်သည်ဟု **(ခု၊ ၁၊ ၂၁၉-ဣတိဝုတ်)**၌ ပြဆိုထားပါသည်။ ထို့အတူ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာ၌ 'မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏' ဟု ဆိုထားတော်မူပါသည်။ ထို့ကြောင့် ပရိယတ္တိစာပေ၏ ရတနာအစစ် ပညာအနှစ်ကို ပါရမီဖြစ်အောင် ဖြည့်ကျင့်နေသော အရှင်သူမြတ်မို့ ရတနာထိုက်ကာ ပူဇော်ထိုက်ပေသည်။

အချုပ်ဆိုရသော် 'ဓဝတသ္မာ ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ'ဆိုသော ဒေသနာတော်ကိုထောက်၍ ပရိယတ်သည်သာလျှင် သာသနာတည်ကြောင်း ပဓာနအကြောင်းရင်းဖြစ်သဖြင့် ပရိယတ်တည်ခြင်းသည် သာသနာတည်ခြင်းပင်ဖြစ်သည်။ ထို့ပြင် 'ပရိယတ္တိ'စာပေများကြောင့် 'ပဋိပတ္တိ'အကျင့်၊ 'ပဋိပတ္တိ' အကျင့်တရားကြောင့် 'ပဋိဝေဓ'အေးငြိမ်းရာတို့ကို အဆင့်ဆင့် ကူးပြောင်းကာ ကျင့်ဆောင်နိုင်ကြပေမည်။ ထို့ကြောင့် ပညာရှိသူတော်ကောင်းများသည် 'သမ္မောမာဝိနောဒနီ' အဋ္ဌကထာနှင့် အညီ ပိဋကတ်သုံးပုံဟူသော ပရိယတ္တိစာပေများကို ပညာရင့်သီးရွှေတောင်ကြီးများအလား ကြီးမားခိုင်ခံ့လှသည့်ပညာရှင် ဆရာတော်ကြီးများထံတွင် နည်းနာခံကာ အဖန်ဖန်ကြိုးစားလေ့လာသင်ယူတော်မူကြ၍ အခြားတစ်ပါးတပည့်များအား သင်ကြားပို့ချခြင်း၊ တပည့်သာဝကတို့ကို ဟောကြားပြသဆုံးမခြင်း စသည်တို့သည် မင်္ဂလာရှိစွာ ပူဇော်ထိုက်ပေသည်။ ပရိယတ္တိစာပေပညာဖြင့် သာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့စေရန် သာသနာ့အကျိုးကိုဆောင်ရွက်တော်မူသည့် ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ အရှင်သူမြတ်အား အစဉ်လေးစား ဂါရဝထားလျက် ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုပူဇော်လိုက်ရပါသည်။

ကျန်းမာရေး ဥယျာဉ်

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ဂုံမင်း

ဂုံမင်းဟာ မြန်မာ့ရိုးရာဆေးပညာမှာရော၊ ဟင်းလျာတွေမှာပါ အလွန်တန်ဖိုးရှိတဲ့ အပင်ဖြစ်ပါတယ်။ မြေအောက်ဥက အစာကြေပါတယ်။ လေအောင့်တာကို သက်သာစေပါတယ်။ ချောင်းဆိုး၊ ရင်ကျပ်တာတွေအတွက် အသုံးပြုပါတယ်။ အမြစ်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသလို အသားဟင်းတွေထဲမှာ ညှီနံ့ပျောက်အောင် ထည့်ချက်ကြပါတယ်။

အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။ ဂုံမင်းဟာ လေပွတာ၊ လေအောင့်တာနဲ့ အစာမကြေတာတွေကို ချက်ချင်းသက်သာစေပါတယ်။ အစာစားပြီးနောက် ဂုံမင်းယိုလေးစားပေးတာ၊ ဂုံမင်းဥပြုတ်ရည်သောက်ပေးတာက အစာအိမ်လမ်းကြောင်းကို သန့်စင်ပေးပြီး အစာကြေညက်စေပါတယ်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို သက်သာစေပါတယ်။ ချောင်းဆိုးတာ၊ ရင်ကျပ်တာနဲ့ သလိပ်ကပ်တာတွေအတွက် ဂုံမင်းက အထူးဆေးဖက်ဝင်ပါတယ်။

ဂုံမင်းဥပါတဲ့ အမွှေးဆီတွေက အဆုတ်နဲ့ လေပြွန်ကို ပွင့်စေပြီး အသက်ရှူရတာ ပိုမိုကောင်းမွန်စေပါတယ်။

ခံတွင်းနံ့ကို သန့်စင်စေပါတယ်။ ဂုံမင်းမှာ သဘာဝအတိုင်း သင်းပျံ့တဲ့အနံ့ရှိလို့ ဝါးစားပေးရင် ခံတွင်းနံ့ဆိုးတာကို ပျောက်ကင်းစေပြီး ခံတွင်းထဲက ဘက်တီးရီးယားတွေကို သေစေနိုင်ပါတယ်။

ကိုယ်တွင်းအပူကိုလည်း မျှစေပါတယ်။ ဂုံမင်းဟာ အေးတဲ့ အာနိသင်ရှိလို့ ကိုယ်တွင်းအပူများတာ၊ အပူဖုထွက်တာတွေကို သက်သာစေပါတယ်။

ဂုံမင်းက ချင်းနဲ့ မျိုးရင်းတူပေမယ့် ချင်းလို အစပ်မကဲဘဲ သင်းပျံ့တဲ့ရနံ့ရှိတာက သူ့ရဲ့အဓိက ထူးခြားချက်ပါ။ ဒါကြောင့် ဟင်းချက်ရာမှာ ညှီနံ့ပျောက်ရုံတင်မကဘဲ ဟင်းကို မွှေးပျံ့သွားစေပါတယ်။



## ထနောင်းရွက်

ထနောင်းရွက်ဟာ အစာခြေစနစ်ကို ကျန်းမာစေပါတယ်။ ထနောင်းရွက်ကို စားပေးခြင်းဖြင့် အစာအိမ်နဲ့ အူလမ်းကြောင်းကို သန့်စင်စေပြီး ဝမ်းကိုက်ရောဂါကို သက်သာစေပါတယ်။

ထနောင်းခေါက်ကိုပြုတ်ပြီး အနာတွေကို ဆေးကြောပေးရင် အနာအကျက်မြန်စေပါတယ်။

ခံတွင်းကျန်းမာရေးကို ကောင်းစေပါတယ်။ အခေါက်ကိုပြုတ်ပြီး ပလုတ်ကျင်းပေးရင် သွားဖုံးရောင်တာနဲ့ သွားနာတာကို သက်သာစေပါတယ်။

သွေးသန့်စင်စေပါတယ်။ သွေးတွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး အပူငြိမ်းစေတဲ့ အစွမ်းရှိပါတယ်။

ထနောင်းပင်ဟာ အညာဒေသရဲ့ ပြင်းထန်တဲ့ အပူဒဏ်ကို အကောင်းဆုံးခံနိုင်ရည်ရှိပြီး မြေကြီးထဲကို နိုက်ထရိုဂျင် ပြန်ဖြည့်ပေးတဲ့ အပင်မျိုးဖြစ်ပါတယ်။



## ပဒတ်စာ(မြေပန်းဥ)

ပဒတ်ဥကို တိုင်းရင်းဆေးတွေမှာ အသုံးပြုပါတယ်။ အနာပေါက်တာတွေ၊ အရေပြားယားယံတာတွေအတွက် သွေးလိမ်းကြသလို အစာကြေ၊ ရင်ချောင်စေဖို့အတွက်လည်း ဖော်စပ်အသုံးပြုကြပါတယ်။

မြေပန်းဥနဲ့ ပန်းပွင့်လေးတွေက အစာအိမ်အတွက် အလွန်ကောင်းမွန်ပြီး အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

အစာမကြေတာ၊ ဗိုက်ကယ်တာတွေအတွက် မြေပန်းဥကို သွေးသောက်တာဖြစ်ဖြစ်၊ ပန်းပွင့်ကို တို့စားတာဖြစ်ဖြစ်လုပ်ပေးရင် လေပွတာ၊ လေထိုးတာကို သက်သာစေပါတယ်။

ခံတွင်းပျက်နေသူတွေအတွက် သူ့ရဲ့ ခပ်ဖန်ဖန်အရသာက ခံတွင်းလိုက်စေပြီး အစာစားချင်စိတ်ကို ဖြစ်စေပါတယ်။

သူ့ရဲ့ အပူဓာတ်က အသက်ရှူလမ်းကြောင်းအတွက် အကျိုးပြုပြီး အအေးမိ၊ နှာစေးခြင်းနဲ့ ချောင်းဆိုးခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။

မြေပန်းဥကို ပျားရည်နဲ့ဖော်စပ်ပြီး စားပေးရင် ချောင်းဆိုးတာနဲ့ လည်ချောင်းနာတာတွေကို သက်သာစေပါတယ်။

သူ့ရဲ့ သင်းပျံ့တဲ့ ရနံ့က နှာခေါင်းကို ပွင့်စေပြီး အအေးမိဝေဒနာကို လျော့ပါးစေပါတယ်။ အရေပြားနဲ့ အနာများကိုလည်း ကုသနိုင်ပြီး နှာစေး၊ နှာပိတ်ခြင်းတို့ကိုလည်း ပျောက်ကင်းစေပါတယ်။

ပိုးသတ်အာနိသင်ရှိတဲ့အတွက် မြေပန်းဥကို သွေးပြီး အနာဟောင်း၊ အနာဆိုးတွေပေါ်မှာ လိမ်းပေးရင် အနာကို သန့်စင်စေပြီး အကျက်မြန်စေပါတယ်။

အရေပြားမှာ အကောင်ကိုက်တာ (သို့မဟုတ်) အပူဖုထွက်တာတွေအတွက် သွေးလိမ်းလို့ရပါတယ်။ အရေပြားမှာ ယားယံခြင်းတွေကို သက်သာစေပါတယ်။

မီးဖွားပြီးစ မိခင်များ မြေပန်းဥကို သွေးသောက်ခြင်း (သို့မဟုတ်) ဟင်းထဲထည့်စားခြင်းက သားအိမ်ကို သန့်စင်စေပြီး သွေးသားကို မှန်ကန်စေတယ်လို့ တိုင်းရင်းဆေးမှာ အဆိုရှိပါတယ်။

### သတိပြုရန်

မြေပန်းဥဟာ ဆေးဖက်ဝင်ပေမယ့် ချင်းမျိုးရင်းဝင်ဖြစ်သောကြောင့် ကိုယ်ခန္ဓာ အလွန်အမင်း ပူတတ်သူတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကတော့ အတိုင်းအတာတစ်ခုအထိပဲ ချင့်ချိန်စားသုံးသင့်ပါတယ်။



## တညင်းသီး

တညင်းသီးဟာ မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်တဲ့ အစားအစာတစ်မျိုးဖြစ်သော်လည်း ၎င်းတွင် ပါဝင်သော တညင်းအက်စစ် (Djenkolic Acid) ကြောင့် ဘေးထွက်ဆိုးကျိုးများကိုလည်း အထူးသတိပြုရန် လိုအပ်ပါတယ်။

### ကောင်းကျိုးများ

တညင်းသီးမှာ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဖော့စဖောရပ်စ်၊ သံဓာတ်၊ ဗီတာမင်အေ၊ ဘီနဲ့ စီတို့ ပါဝင်ပါတယ်။

တညင်းသီးမှာ ပါဝင်သော အချို့သော ဒြပ်ပေါင်းများဟာ သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်တဲ့ အစွမ်းသတ္တိရှိလို့ ဆီးချိုရောဂါကို ထိန်းချုပ်ပေးနိုင်ပါတယ်။

ဖော့စဖောရပ်စ်ဓာတ် ကြွယ်ဝစွာ ပါဝင်သောကြောင့် အရိုးနဲ့သွားများကို ခိုင်မာစေပါတယ်။

သံဓာတ်ပါဝင်မှုမြင့်မားသောကြောင့် သွေးအားနည်းရောဂါ ခံစားနေရသူများအတွက် အထောက်အကူဖြစ်စေပါတယ်။

တညင်းသီးမှာပါဝင်တဲ့ အင်န်တီအောက်ဆီးဒင့်များဟာ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေပါတယ်။

### သတိပြုရန်

တညင်းသီးကို အလွန်အကျွံစားမိရင် (သို့မဟုတ်) မသန့်စင်ဘဲ စားမိရင် တညင်းသီးအဆိပ်သင့်ခြင်း (Djenkolism) ဖြစ်စေနိုင်ပါတယ်။

တညင်းသီးမှာပါဝင်တဲ့ တညင်းအက်စစ်ဟာ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းမှာ အပ်ချောင်းလေးများကဲ့သို့ သိပ်သည်းသွားပြီး ကျောက်ကပ်ကို ထိခိုက်စေနိုင်ပါတယ်။

ဆီးသွားရင် အလွန်နာကျင်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးတွင် သွေးပါခြင်း (သို့မဟုတ်) ဆီးလုံးဝသွားမရတော့ခြင်းများ ဖြစ်တတ်ပါတယ်။

အလွန်အကျွံစားပါက ဗိုက်အောင့်ခြင်း၊ ပျို့အန်ခြင်းနဲ့ ဝမ်းချုပ်ခြင်းတို့ ဖြစ်နိုင်ပါတယ်။

စားသုံးပြီးနောက် ဆီးအနံ့နဲ့ ခံတွင်းနံ့ ပြင်းထန်စွာ ထွက်စေပါတယ်။

ဘေးထွက်ဆိုးကျိုး နည်းနိုင်သမျှနည်းအောင် အောက်ပါအတိုင်း စားသုံးသင့်ပါတယ်။

တစ်ပတ်လျှင် နှစ်လုံး (သို့မဟုတ်) သုံးလုံးထက် ပိုမစားသင့်ပါ။

တညင်းသီးကို အစိမ်းစားခြင်းထက် ပြုတ်စားခြင်း၊ ဖုတ်စားခြင်း (သို့မဟုတ်) ဆားရည်စိမ်စားခြင်းက အဆိပ်ဓာတ်ကို လျော့နည်းစေပါတယ်။ အထူးသဖြင့် ရေစိမ်ပြီး အကြိမ်ကြိမ်ဆေးကြောခြင်းက ပိုမိုဘေးကင်းစေပါတယ်။

တညင်းသီးစားပြီးနောက် ရေများများသောက်ပေးခြင်းဖြင့် တညင်းအက်စစ်များကို ဆီးမှတစ်ဆင့် မြန်မြန်စွန့်ထုတ်ပေးနိုင်ပါတယ်။

### ရှောင်ကြဉ်ရမည့်သူများ

ကျောက်ကပ်ရောဂါအခံရှိသူများ၊ ကလေးသူငယ်များနဲ့ ကိုယ်ဝန်ဆောင်မိခင်များအနေနဲ့ တညင်းသီးစားသုံးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါတယ်။

### အကြံပြုချက်

တညင်းသီးစားပြီးနောက် ဗိုက်အောင့်ခြင်း (သို့မဟုတ်) ဆီးသွားရခက်ခဲခြင်းများဖြစ်လာပါက နီးစပ်ရာဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသသင့်ပါတယ်။



## သလဲသီး

သလဲသီးဟာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်တဲ့ အာဟာရဓာတ်များစွာ ပါဝင်တဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။

### ကောင်းကျိုးများ

သလဲသီးမှာ အခြားသစ်သီးများထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပိုမိုမြင့်မားစွာ ပါဝင်သောကြောင့် ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးပါတယ်။

သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးကြောများအတွင်း အဆီပိတ်ခြင်းကို ကာကွယ်ပေးသောကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ဗီတာမင်စီနဲ့ ဗီတာမင်အီးတို့ ကြွယ်ဝစွာ ပါဝင်သောကြောင့် ရောဂါများကို ခုခံနိုင်စွမ်း တိုးတက်စေပါတယ်။

အချို့သော လေ့လာမှုများအရ သလဲသီးဟာ မှတ်ဉာဏ်ကို ကောင်းမွန်စေပြီး အသက်ကြီးလာရင် ဖြစ်တတ်တဲ့ အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

အမျှင်ဓာတ်ပါဝင်မှုကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

### သတိပြုရန်

သလဲသီးဟာ သွေးပေါင်ချိန်ကို ကျစေတဲ့ အာနိသင်ရှိသောကြောင့် သွေးပေါင်ကျဆေး သောက်နေရသူများအနေဖြင့် ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ စားသုံးသင့်ပါတယ်။

အချို့သူများတွင် သလဲသီးနဲ့ဓာတ်မတည့်ဘဲ ယားယံခြင်း၊ ရောင်ရမ်းခြင်း (သို့မဟုတ်) အသက်ရှူရခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်ပါတယ်။

သလဲသီးတွင် သဘာဝသကြားဓာတ်ပါဝင်မှု မြင့်မားသောကြောင့် ဆီးချိုရောဂါရှိသူများ အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

သွေးပေါင်ချိန်အပေါ် သက်ရောက်မှုရှိသောကြောင့် ခွဲစိတ်မှုမပြုလုပ်မီ အနည်းဆုံး နှစ်ပတ်ခန့်အလိုတွင် သလဲသီးစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။

### အကြံပြုချက်

သလဲသီးကို အသီးအတိုင်း စားသုံးခြင်းက အမျှင်ဓာတ်ကို ရရှိစေသဖြင့် ဖျော်ရည်သောက်ခြင်းထက် ပိုမိုထိရောက်မှုရှိနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား** – **Tik Tok**

# လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်



**မန္တလေး ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခမ်းအနားမှူးသင်တန်း စတင်ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားမှူးသင်တန်းတွင် ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်မေသူအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အခမ်းအနားမှူး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး သင်တန်းနည်းပြ ဒေါ်ခင်စောလွင်က အခမ်းအနားမှူးတစ်ဦးတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ အခမ်းအနားမှူးတစ်ယောက်တွင်ရှိရမည့် အရည်အချင်းများ၊ အခမ်းအနားမှူး၏ ဝတ်စားဆင်ယင်မှုနှင့် ကိုယ်ဟန်အမူအရာများ၊ အသုံးအနှုန်း ဝေါဟာရဆိုင်ရာများ၊ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်များနှင့်ပတ်သက်၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလ ဧပြီ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုအခမ်းအနားမှူးသင်တန်းသို့ ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဦးစီးဌာနမှ ကျောင်းဆရာ၊ ဆရာမများနှင့် ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်များမှ အမျိုးသမီးငယ်များ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# အောက်ဆီဂျင်စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးနှင့်ထုတ်လုပ်ရရှိမှုတို့ကို မျှဝေသုံးစွဲနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကန့်ဘလူ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ထုတ်လုပ်ရရှိမှုတို့ကို မျှဝေသုံးစွဲနိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၂ ရက်နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ ကျင်းပခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့်အဖွဲ့ဝင်များ၊ စက်ရုံထိန်းသိမ်းရေးကော်မတီဝင်များ၊ စက်သုံးဆီလုပ်ငန်းရှင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာကျော်ကျော်ဇင်တို့ တက်ရောက်ပြီး စက်ရုံလည်ပတ်နိုင်ရေးအတွက် စန်ဆာပျက်နေမှုကို ငွေကျပ် ၅၁ သိန်းခန့် ကုန်ကျခံကာပြင်ဆင်ပြီး၍ မီးစက်(လျှပ်စစ်ပြန်လည် မရရှိသေး)ဖြင့် လည်ပတ်ခဲ့ရာ ၄၀ လီတာအိုး ၁၂၀ ထုတ်လုပ်နိုင်ခဲ့ပြီး စက်ပြင် စရိတ်၊ စက်သုံးဆီဘိုးငွေ၊ အခြားကုန်ကျစရိတ်များ ပြန်လည်ရရှိရေး၊ ကန့်ဘလူးမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် အခြားပြင်ပမှ အောက်ဆီဂျင်လိုအပ်သူများ မျှဝေသုံးစွဲနိုင်ရေးနှင့် အောက်ဆီဂျင်လိုအပ်သူများ သက်သာသောနှုန်းဖြင့် ရောင်းချနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အောက်ဆီဂျင် လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဖြူးပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ဆီဂျင်စက်ချထားပေးပြီး အောက်ဆီဂျင်စက်ရုံနှင့် စက်ရုံလည်ပတ်နိုင်ရန် ၁၀၀ ကေဗီအေ ထရန်စဖော်မာတို့ကို ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် စက်ရုံတည်ဆောက်ရေးကော်မတီက ဦးဆောင်၍ သံဃာတော်များ၊ ပြည်သူများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်



**သရက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မရှိသူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုများအား အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လပြည့်ကဆုန် ကြုံသည်မှ

---

* လပြည့်ကဆုန်
ထူးတွေ့ကြုံခဲ့
လုံးစုံများစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲစေပါ ။

* ဘုရားစကား
လိုက်နာပွားလို့
တရားလက်မလွှတ်စေ
အမှားလက်လွှတ်စေ ။

* မြတ်စွာဗုဒ္ဓ
ဟောညွှန်ပြရာ
တိကျလိုက်နာ နေထိုင်ပါ ။

* မကောင်းမှုရှောင်
ကောင်းမှုဆောင်လို့
ဖြူအောင်စိတ်များ အမြဲထား
ဗုဒ္ဓစကား လိုက်နာသွား
ကြင်နာသနား ရင်မှာပွား ။ ။

**တက္ကသိုလ်ရည်ရွှယ်**

# စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း အသိပညာပေး Talk Show ပြုလုပ်

**ကျောက်ပန်းတောင်း ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဥပဒေ အကြောင်း အသိပညာပေး Talk Show ကို ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ဆောင်ရွက်ခဲ့သည်။

အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က စားသုံးသူကာကွယ်ရေးဥပဒေနှင့် စပ်လျဉ်း၍ စားသုံးသူကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့်အချိန်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်နှင့် တာဝန်များနှင့် စားသုံးသူအပေါ် အာမခံချက်ပေးနိုင်မည့် အခြေအနေများ၊ စားသုံးသူများက တောင်းဆိုပိုင်ခွင့်ရှိသည့် အချက်များအစရှိသည်တို့ကို ရှင်းလင်းခဲ့သည်။ဆက်လက်၍ တက်ရောက်လာသူများက မေးမြန်းရာ ပြန်လည်ဖြေကြားပေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် MOI၊ Facebook page၊ TikTok နှင့် Telegram တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

(၄၅၆)

*-*-*-*-*

## စစ်တုရင်သင်တန်းသား၊ သင်တန်းသူများ၊ အခြေခံအင်္ဂလိပ်စာ သင်တန်းသား၊ သင်တန်းသူများ၊ ပန်းချီသင်တန်းသား သင်တန်းသူများအား အာဟာရကျွေးမွေး



**ညောင်ဦး ဧပြီ ၂၃**

ညောင်ဦးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများနှင့် ဆရာ၊ ဆရာမများအား ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အာဟာရကျွေးမွေးခြင်းနှင့် သင်တန်းဆရာ၊ ဆရာမများ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အသင်းဝင်များသည် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနနှင့်ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီ စစ်တုရင်သင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းတို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာသို့ သင်တန်းသားများအား အာဟာရကျွေးမွေးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူက နွေရာသီကျောင်းအားရက် ခရိုင်လူထုအခြေပြုဗဟိုဌာန၌ သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်နီလာဟိန်းက ကလေးအလုပ်သမားပပျောက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ စစ်တုရင်သင်တန်း၊ အင်္ဂလိပ်စာအခြေခံ သင်ကြားခြင်းနှင့် ပန်းချီအခြေခံရေးဆွဲနည်းများ တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်း၊ သင်တန်းတွင် လိုအပ်သည့် အသုံးအဆောင်များ ပေးအပ်ခြင်းနှင့် သင်တန်းတွင် မေတ္တာဖြင့် သင်ကြားပေးသည့် ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ညောင်ဦးခရိုင်လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများအား နွေရာသီကျောင်းစတင်ပိတ်သည့်မှစ၍ ကျောင်းပြန်ဖွင့်သည်အထိ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်းသို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူထားသူ ဆလိုင်းရန်လင်းမာန်၏ Chin World သတင်းအေဂျင်စီ၊ ဦးဂျေမိုန်းထန်းစန်းငါ၏ KHONUMTHUNG MEDIA GROUP သတင်းအေဂျင်စီနှင့် ဦးမင်းထက်အောင်၏ မျက်မှောက်ခေတ်(Nowadays News) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အား ထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် လှူဦးရေ(၁၅၀၀) ထမင်း၊ ဟင်းလျာစတုဒိသာကျွေးမွေး လှူဒါန်း

**မန္တလေး ဧပြီ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ မောရိယ ဓမ္မရိပ်သာတွင် ဧပြီ ၂၂ ရက် နံနက်ပိုင်းက (၄၃)ကြိမ်မြောက် နွေ၊ ည အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် အဖြစ် ဓမ္မာရုံ စံကျောင်းတိုက်တိုက်အုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာ ဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မောရိယမိသားစုနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သား အလှူရှင်များက နေ့ဆွမ်းဆက်ကပ်ခြင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုများ ပြုကြသည်။

ထို့နောက် ညနေပိုင်းတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အထိမ်းအမှတ်အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မိသားစုက ရပ်လေးရပ်ပြင်မှ လာရောက်ကြသော ပြည်သူ ၁၅၀၀ ဦးအား ထမင်း၊ ဟင်းလျာ၊ အအေးတို့ဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများ ပြုကြကြောင်း သိရသည်။

(အပေါ်ယာပုံ) (၀၇၀)



## ဆွမ်းပဒေသာပင် သိန်း ၄၀ စိုက်ထူ လှူဒါန်း

**မန္တလေး ဧပြီ ၂၃**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် သိန်း ၄၀ စိုက်ထူလှူဒါန်း အလှူရှင် မန္တလေး၊ တံခွန်တိုင်၊ ဇကောစုရပ်နေ ဦးသာအေးကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အားရည်စူး၍ ဒေါ်အုန်းမြိုင် မိသားစုက အတိုးအလှူငွေကျပ် ၃၂၀၀၀၀၊ ထပ်ဆောင်းအလှူငွေကျပ် ၁၈၀၀၀၀၊ စုစုပေါင်း တစ်နေ့တာဆွမ်း ၅၀၀၀၀၀ အား လှူဒါန်းသည်။ လှူဒါန်းမှုအတွက် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့မှ လက်ခံရယူသည်။ အလှူရှင်များ လှူဒါန်းလိုပါက ဆက်သွယ်ရန်ဖုန်း-၀၉၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကဆ)**

သင့်သွေးဖြင့် အသက်ကယ်ပါ။

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ လစဉ်ပုံမှန်ထုတ်ပေး

**မြစ်သား ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဧပြီလအတွက် ပင်စင်လစာငွေများကို ဧပြီ ၂၁ ရက် နံနက် ၅ နာရီကစတင်၍ ထုတ်ပေးလျက်ရှိရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာလာရောက်ထုတ်ယူရာတွင် အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန်အတွက် ဘဏ်ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စား ဝန်ထမ်းများကို လစဉ် ၂၁ ရက်မှ ၂၅ ရက်အထိ၊ အငြိမ်းစားများကို နံနက် ၅ နာရီမှ စတင်ထုတ်ပေးမည်ဖြစ်ပြီး ကျန်ရက်များတွင် နိုင်ငံ့ဝန်ထမ်းလစာထုတ်ပေးသည့်ရက်အထိ နံနက် ၆ နာရီမှစ၍ ထုတ်ပေးသွားမည်ဖြစ်သည်။

ယနေ့နံနက်ပိုင်း ဘဏ်ဖွင့်ချိန်တွင် တိုကင်ထပ်စနစ်ဖြင့် သတ်မှတ်၍ ထုတ်ပေးလျက်ရှိပြီး အငြိမ်းစားပင်စင်စားများ လာရောက်ထုတ်ယူလျက်ရှိကြောင်း၊ ပင်စင်လစာငွေများ ထုတ်ယူရာတွင် ပင်စင်စားဝန်ထမ်းများအနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့် ၎င်းတို့ မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားလာရောက်ထုတ်ယူလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

ဝါဝါမြင့် (မြစ်သား)

၀-၀-၀-၀-၀-၀-၀



## လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးသင်တန်းကျောင်းများသို့ ဘော်လီဘောပိုက်နှင့် ဘော်လီဘော ဘောလုံးများ ပေးအပ်လှူဒါန်း

**မန္တလေး ဧပြီ ၂၃**

မျိုးဆက်သစ်ဘော်လီဘောအားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးအတွက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ် နည်းပြဆရာကြီး(အား၊ ကာသိပ္ပံ)လက်ထောက်ညွှန်ကြားရေးမှူးဦးတင့်ဝေက သင်တန်းနည်းပြများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျုံးမြောက်ဘက်ရှိ ဘော်လီဘောသင်တန်းသားလူငယ်များနှင့် အမျိုးသမီးသင်တန်းသူများကို သတ်မှတ်အချိန်ပိုင်းအလိုက် သက်ဆိုင်ရာသင်တန်းကျောင်းတို့တွင် အခြေခံဘော်လီဘော အားကစားနည်းစနစ်များ သင်ကြားပို့ချပေးလျက်ရှိသည်။ (ဝဲပုံ)



ထို့နောက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ်မှ ထောက်ပံ့သည့် ဘော်လီဘောဘောလုံးများနှင့် ဘော်လီဘောပိုက်တို့ကို သင်တန်းကျောင်း တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်**

# အိပ်စက်ခြင်းသည် ကျန်းမာရေးကောင်းဖို့ ဆေးတစ်ခွက်

အိပ်စက်ခြင်းသည် လူသားတို့အတွက် အရေးအပါဆုံးသောကိစ္စတစ်ခုဟု ပြောမည်ဆိုလျှင် ရယ်စရာတစ်ခုဖြစ်နေနိုင်ပါသည်။ သို့သော် လူသားတစ်ဦးအတွက် ကျန်းမာရေးကောင်းမွန်ရန် အထောက်အကူအပြုဆုံး သဘာဝကိစ္စတစ်ခုဆိုလျှင် မှားမည်မထင်ပေ။ လူသားတိုင်းပင်ပန်းနွမ်းနယ်လျှင် မအိပ်၍မရ။ အိပ်စက်ရသည်။ အိပ်စက်ပြီဆိုသည်နှင့် သက်ရှိတို့၏ သိမှု Conscious ကို အနားပေးထားရသည်။ ထိန်းသိမ်းခိုင်းစေအသုံးချရသည့် ကြွက်သားအားလုံးကိုလည်း အနားပေးကာ ပတ်ဝန်းကျင်နှင့် ထိတွေ့မှုကိုလည်း ရပ်နားပေးလိုက်ရသည်။ တစ်နည်းဆိုသော် ခန္ဓာကိုယ်၏ အခြေခံတည်ဆောက်မှုအင်္ဂါများဖြစ်သော ဆဲလ်များ တည်ဆောက်သည့် ကာလပင်ဖြစ်ပါသည်။

ဥပမာဖြင့်ပြောရသော် ကျွန်တော်တို့သုံးနေသော လက်ကိုင်ဖုန်းကို ပြန်အားသွင်းသည်နှင့်တူသည်။ လူသားအပါအဝင် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ရေနေကုန်းနေသတ္တဝါများ၊ ငှက်များ၊ အင်းဆက်ပိုးများ၊ သန်ကောင် မျိုးနွယ်များပါမကျန် အိပ်စက်အနားယူကြသည်။ တစ်နည်းဆိုသော် သက်ရှိအားလုံးမရှိမဖြစ်လိုသည့် ဖြစ်စဉ်ကြီးပင်ဖြစ်သည်။ အိပ်စက်ခြင်းသည် " Sleep Is Natural Rstorative Process" ဟု ဆိုကြသည်။ သဘာဝအနားယူအားဖြည့်မှုတစ်ရပ်ဖြစ်သောကြောင့် အိပ်စက်ခြင်းကို ထိခိုက်စေသည့် အပြုအမူများသည် လူသားနှင့် အခြားသက်ရှိတို့အတွက် အကျိုးထိခိုက်မှုများ ဖြစ်စေသည်။ အိပ်စက်ခြင်းနှင့်ပတ်သက်၍ တစ်နေ့လျှင် ခြောက်နာရီ၊ ခုနစ်နာရီ အိပ်လေ့ရှိသူသည် ရှစ်နာရီ အိပ်နိုင်သူထက်ပို၍ အသက်ရှည်ကြောင်း သိရသည်။ ဂရင်းနစ်စံချိန်တင် အိပ်နိုင်သူတစ်ဦး ရှိသည်။ ၁၉၆၂ ခုနှစ်က ၁၇ နှစ်အရွယ် ရန်ဒီဂရန်းဒါးဆိုသူဖြစ်ပြီး ၂၆၄ နာရီ ၁၂ မိနစ်ကြာအောင် အိပ်နိုင်ခဲ့သည်ဟု သိရသည်။ ၁၉၈၀ ပြည့်နှစ်နှစ်က စပိန်နိုင်ငံတွင် နေ့ခင်းအိပ်စက်မှုသည် မိရိုးဖလာဖြစ်ခဲ့သည်။ လူကြီး၊ ကလေးအများစု အိပ်ကြသဖြင့် နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းခဲ့ရသည်။ အစိုးရက ဥပဒေပြဋ္ဌာန်းပြီးနောက် နေ့လယ်အိပ်စက်မှုဆန့်ကျင်ရေးလုပ်ခဲ့ရသည်။ ဝေလငါး၊ လင်းပိုင်ငါးတို့သည် တစ်ဝက်အိပ်၊ တစ်ဝက်နိုးနေတတ်ကြသည်။

'ဆမ်နီဖိုးဘီးယား' ခေါ် အိပ်ရမည့်ရောဂါကြောက်သော ရောဂါများလည်းရှိသည်။ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးမှာ အိပ်စက်ရမည်ကိုကြောက်သည်။

အိပ်ပျော်ခြင်းမရှိသူများကား အိပ်ဆေးသောက်ကြသည်။ အိပ်ဆေးသောက်သူများသဖြင့် ၂၀၀၄ ခုနှစ်က အမေရိကန်နိုင်ငံတွင် အိပ်ဆေးပေါင်း ၃၅ သန်းပင် ရောင်းချခဲ့ရသည်။ နံနက်ငါးနာရီမတိုင်မီ နိုးလေ့ရှိသူများ၊ သက်ကြီးသူများသည် နှစ်နာရီခန့်အကြာ နောက်ကျနိုးလေ့ရှိသူများထက် သွေးပေါင်ချိန်တိုးကြောင်း လေ့လာမှုအရ သိရှိရသည်။

အိပ်စက်ခြင်းနှင့်ပတ်သက်၍ ည နှစ်နာရီသည် (Deepest sleep) အိပ်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ နံနက် ၄ နာရီခွဲသည် ကိုယ်ခန္ဓာအပူချိန် အနိမ့်ဆုံးအချိန်ဖြစ်ပြီး နံနက် ၆ နာရီ ၄၅ မိနစ်သည် သွေးပေါင်ချိန်အမြင့်ဆုံးဖြစ်ပြီး ၇ နာရီခွဲသည် မယ်လာတိုနင်(ခေါ်) အိပ်စက်ခြင်းကို အားပေးသော ဟော်မုန်းထွက်ရှိမှု ရပ်နားသွားချိန်ဖြစ်သည်။

ည ၇ နာရီသည် ခန္ဓာကိုယ်အပူချိန်အမြင့်မားဆုံးဖြစ်ပြီး ည ၁၀ နာရီခွဲသည် အူလှုပ်ရှားမှုများရင်ဆိုင်နေချိန်ဖြစ်သည်။ ဇီဝနာရီမှန်ကန်စေရန်အတွက် နေရောင်ခြည်မှုတရန် လိုအပ်သည်။ အိပ်စက်ခြင်းတွင် အရေးပါသောအရာမှာ မယ်လာတိုနင်ဟော်မုန်း ဖြစ်သည်။ ဦးနှောက်အောက်ခြေတွင် ပဲစေ့ခန့်သာရှိသော Pineal Gland ထုတ်ပေးသည်။ ဟော်မုန်းသည်နေ့ဘက်တွင်သာ နည်းနည်းထွက်ပြီး ညဘက်တွင် အိပ်ပျော်လျှင် လုံလောက်စွာ ထုတ်လုပ်ပေးသည်။ နေ့ဘက်တွင် 20ps/ml ရှိပြီး ညဘက်တွင် 150 pg/ml ရှိသည်။ ညဘက်တွင် လုံလောက်စွာထွက်မှသာ အိပ်ပျော်ခြင်းကို ပြည့်ဝဖြစ်ပေါ်စေနိုင်ပါသည်။

တစ်နည်းဆိုသော် မယ်လာတိုနင်ဟော်မုန်းသည် အကျိုးပြုဟော်မုန်း၊ အိပ်စက်ခြင်းကို အားပေးသည်။ သဘာဝဟော်မုန်း၊ အကျိုးပြုဟော်မုန်းဖြစ်သည်။အသက်ကြီးလာပါက ဟော်မုန်းအထွက်နည်းပါးလာပြီး ညဘက်တွင် အိပ်မပျော်ခြင်း၊ အိပ်ချိန်နည်းလာခြင်းများ ဖြစ်လာသည်။ အသက်ကြီးလာပါက(သို့မဟုတ်)အိပ်ပျော်လေ့မရှိသူများက အိပ်စက်ခြင်းကို မျှော်လင့်တောင့်တကြသည်။ စင်စစ်အားဖြင့် အိပ်စက်ခြင်းနှင့်ပတ်သက်၍ ဆိုရိုးစကားတစ်ခုရှိလာသည်။ Sleep Is Better Than Doctor အိပ်စက်ခြင်းသည် ဆရာဝန်ထက်ကောင်း၏ ဟူသောစကားပင်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားခြင်းနှင့် နေရောင်ခြည်ကို ထိတွေ့ခြင်းသည် ကောင်းစွာ အိပ်စက်နိုင်ရန် အားပေးသည်။ လူတို့သည် အမိုးအကာအောက်တွင်လုပ်နေရ၍ နေရောင်ခြည်များ၊ အလင်းရောင်များမရရှိသဖြင့် အိပ်ပျော်ရန်ခက်ခဲလာသည်။ ညသန်းခေါင်ယံကျော်သည်အထိ စာဖတ်ခြင်း၊ ဂိမ်းကစားခြင်း၊တီဗွီကြည့်ခြင်းများကြောင့် အိပ်ချိန်နည်းပါးလာပြီး ကျန်းမာရေးပြဿနာများကို ကြုံရသည်။ နံနက်လင်းသည်အထိ အိပ်ရာမှမထနိုင်ဘဲ အိပ်ရေးဝသည်ဟုမခံစားရပေ။ ညနေ၊ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း အချိန်မတော်နိုးနေလေ့ရှိသည်။

**သန်းခေါင်ကျော်ပြီးမှ အိပ်ရာမှ လန့်နိုးခြင်းသည် သင့်ခေါင်းပေါ်တွင် သံတစ်ချောင်း စိုက်လိုက်ခြင်းပင်ဖြစ်သည်။** သို့ကြောင့် အိပ်ရေးဝရန်အတွက် အိပ်ချိန်မှန်ရန် လိုသည်။ လူသားတိုင်းဘဝ၏သုံးပုံတစ်ပုံကို အိပ်စက်ခြင်းဖြင့် အချိန်ကုန်နေကြသည်။ လူသားတစ်ဦး၏ အိပ်ချိန်များကို လေ့လာကြည့်လျှင် မွေးကင်းစကလေးငယ်မှ သုံးလအထိ ၁၄-၁၇ နာရီ၊ လေးလမှ ၁၁လအထိ ၁၂-၁၅ နာရီ၊ လမ်းစလျှောက်သည့် တစ်နှစ်မှ နှစ်နှစ်အရွယ်အထိ ၁၁-၁၄ နာရီ၊ မူကြိုကလေးအရွယ်သုံးနှစ်မှ ငါးနှစ်အထိ ၁၀-၁၃နာရီ၊ ကျောင်းသားအရွယ် ခြောက်နှစ်မှ ၁၃နှစ်အထိ ၉-၁၁ နာရီ၊ ဆယ်ကျော်သက်အရွယ် ၁၄ နှစ်မှ ၁၇နှစ် အထိ ၈-၁၀နာရီ၊ အရွယ်ရောက်ပြီးသူ ၁၈ နှစ်မှ ၆၄ နှစ်အထိ ၇-၉နာရီ၊ သက်ကြီးရွယ်အိုများ ၆၅နှစ်နှင့်အထက် ၇-၈နာရီအထိ အိပ်စက်နိုင်မှသာ ကျန်းမာရေးကောင်းမွန်မည်ဖြစ်ပြီး အရွယ်ငယ်လေ အိပ်ချိန်ပိုများလေဖြစ်ကြောင်း သိရှိရသည်။ အိပ်ရေးပျက်ပါက ကျန်းမာရေးကိုထိခိုက်သော ဟော်မုန်းများ ထွက်လာတတ်သည်။ IL_6 (အိုင်အယ်၆) (ခေါ်)ဓာတ်များထွက်လာပြီး ခုခံအားစနစ်ကို ထိခိုက်စေသည်။ အိပ်စက်ခြင်းကြောင့် ဦးနှောက်မှတ်ဉာဏ်ကို ဖွံ့ဖြိုးစေပါသည်။

နှစ်ခြိုက်စွာ မအိပ်ရပါက နှလုံးခုန်မမှန် ဖြစ်လာပြီး သွေးပေါင်ချိန်လည်းတက်လာပါသည်။ အစားပိုစားကာ၊ ကိုယ်အလေးချိန်လည်း တိုးလာသည်။ အိပ်ရေးမဝ၊ အိပ်ရေးပျက်သူတို့သည် ယာဉ်မတော်တဆထိခိုက်မှုများနှင့်လည်း ကြုံကြရသည်။ တစ်ညလျှင် ၇ နာရီထက် လျော့နည်းအိပ်ပါက၊ ပုံမှန် ၈ နာရီခန့်အိပ်သူထက် ယာဉ်မတော်တဆဖြစ်နိုင်ခြေနှစ်ဆ(နှစ်ဆ) ဖြစ်ပွားနိုင်ပါသည်။ ငါးနာရီထက်လျော့နည်းအိပ်ပါက မတော်တဆ လေးဆဖြစ်လာနိုင်သည်။ တစ်ရက်လျှင် လေးနာရီထက်လျော့အိပ်ပါက အိုမင်းမှုမြန်ဆန်လာပေမည်။

အိပ်စက်ခြင်းသည် ကျန်းမာရေးအတွက် အခြေခံအကြောင်းရင်းဖြစ်သည်။ မှတ်သားလောက်သည့် စကားတစ်ခွန်းရှိသည်။ 'ငါးနာရီထ၊ ကိုးနာရီစား၊ ငါးနာရီစား၊ ကိုးနာရီအိပ် ၉၉ နှစ်အထိ အသက်ရှည်မည်'ဟူသော စကားပင်ဖြစ်သည်။

အိပ်မပျော်ရသော အကြောင်းရင်းသုံးခုရှိသည်။ ၄င်းတို့မှာ အိပ်ရာထဲဝင်ပြီး အချိန်ကြာသည်အထိ အိပ်မပျော်ခြင်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်ခြင်း၊ တစ်ညလျှင် ငါးနာရီမှ ၁၀နာရီ ထိနိုးနေခြင်း၊နံနက်စောစော ည နှစ်နာရီမှ သုံးနာရီ နိုးနေပြီး ပြန်အိပ်မရတော့ခြင်း ဖြစ်သည်။

အိပ်မပျော်ခြင်းကို ဖြစ်စေသောအကြောင်းရင်းများရှိသည်။ ၄င်းတို့မှာ ဦးနှောက်အာရုံကြောရောဂါတစ်မျိုးဖြစ်ပြီး ခြေလက်မငြိမ်ဘဲ လှုပ်ရှားနေခြင်းဖြစ်သည်။ ပါကင်ဆန်(ခ)သွက်ချာပါဒရောဂါဖြစ်နေသူ ၁၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်တတ်ကြောင်း သိရသည်။ နောက်တစ်ခုမှာ အိပ်ပျော်နေစဉ်ရုတ်တစ်ရက် အသက်ရှူရပ်သွားခြင်းဖြစ်သည်။ နေ့ဘက်တွင် အိပ်ငိုက်ခြင်း၊ စိတ်တိုခြင်း၊ သွေးပေါင်ချိန်တက်ခြင်း၊ နှလုံးကိုထိခိုက်စေခြင်းတို့ဖြစ်သည်။

တတိယအချက်မှာ အစာအိမ်လမ်းကြောင်း၏ အစာပြန်မှုတစ်ဆင့် အစာအိမ်အတွင်းသို့ လေရောက်ရှိပြီး ညအချိန်တွင် ဝေဒနာခံစားရခြင်းဖြစ်သည်။ နောက်ဆုံးအချက်ရှိသေးသည် ၄င်းမှာ ကြွက်သားအတွင်းရှိ တစ်သျှူးအမျှင်များ ရောင်ရမ်းခြင်းမရှိဘဲ နာကျင်ခြင်းနှင့် နာကျင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရခြင်းပင်ဖြစ်ပါသည်။

အိပ်ပျော်စေရန်နည်းလမ်းကောင်းများရှိသည်။ ၄င်းတို့မှာ နံနက်စောစောတွင် လမ်းလျှောက်ခြင်း၊ နေရောင်ခြည်နှင့် ထိတွေ့ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားလုပ်ပေးခြင်းဖြင့် ဟော်မုန်းများထွက်လာခြင်း၊ အိပ်ရာမဝင်မီ ၁၅ မိနစ်ခန့် ရေနွေးငွေ့ဖြင့် ရေချိုးပေးခြင်း(ရာသီဥတုပေါ်မူတည်၍)၊ နေ့လယ်တွင် ကြာရှည်မအိပ်ခြင်း၊ ညနေပိုင်းအရက်သောက်ခြင်းဖြင့် အိပ်လိုက်နိုးလိုက်ဖြစ်တတ်ခြင်း၊ ညအိပ်ရာမဝင်မီ တစ်နာရီ၊ နှစ်နာရီခန့်အလို ဆန်ပြုတ်၊ ခေါက်ဆွဲအသင့်အတင့်စားသုံးနိုင်ပါသည်။ အိပ်ရာမဝင်ခင် ပေါ့ပါးသောစာဖတ်ခြင်း၊ ရယ်ရွှင်ဖွယ်ဓာတ်လမ်းများကြည့်ရှုသင့်ပါသည်။

အိပ်ရာထဲဝင်ပြီး ၁၅ မိနစ်ခန့်အထိ အိပ်မပျော်ပါက ရေဒီယိုနားထောင်ခြင်း၊ တရားနာခြင်း ပြုသင့်သည်။ မျက်စိမြင်သည့်နေရာတွင် နာရီ မရှိစေသင့်ပါ၊ အိပ်မပျော်ဘဲ နာရီကြည့်ပါက သောကပိုတိုးစေသည်။ အိပ်ခန်းသည် အသံတိတ်၊ အသံလုံခန်းဖြစ်သင့်သည်။

အတူမအိပ်ရန် လေးမျိုးရှိသည်ဟု ပြောကြသည်။ နာရီပတ်မအိပ်နဲ့၊ တယ်လီဖုန်းနားမအိပ်နဲ့၊ မီးဖွင့်မအိပ်နဲ့၊သူများသားမယားနဲ့မအိပ်နဲ့ဟု ဆိုကြသည်။ နံနက်စောစောထခြင်းသည်ကောင်းသည်။ နံနက် ငါးနာရီမတိုင်မီ အိပ်ရာထသူတို့သည်၊ ထိုထက် နှစ်နာရီနောက်ကျထသူတို့ထက် နှလုံးသွေးကြောပိတ်မှု၊ သွေးတိုးမှုများ ဖြစ်နိုင်ခြေ နှစ်ဆနှင့် ၁ ဒသမ ၇ ဆ များပြားစွာ ဖြစ်နိုင်ကြောင်း သိရှိရသည်။

သောမတ်အယ်ဒီဆင်သည် တီထွင်မှုအတွက် တစ်နေ့လျှင် သုံးနာရီမှ လေးနာရီသာ အိပ်ခဲ့သည်။ အမေရိကန်သမ္မတ ဘီလ်ကလင်တန်သည်တစ်နေ့လျှင် ငါးနာရီမှ ခြောက်နာရီသာ အိပ်စက်သူဖြစ်သည်။ အိပ်ချိန်မမှန်၊ အိပ်ရန်ကြွေးမကျေပါက ဆီးချိုရောဂါဖြစ်နိုင်သည်။

အိပ်စက်ချိန်မှန်မှ ကျန်းမာပေမည်။ အိပ်စက်ခြင်းကို အလေးမထားပါက ရောဂါကို မွေးမြူထားသလိုဖြစ်ပေမည်။ သင်ကျန်းမာအသက်ရှည်လိုသလား၊ အိပ်ချိန်မှန်ပါ။

သင်ဘဝတွင် ပျော်ရွှင်လိုပါသလား၊ အနာရောဂါကင်းရှင်းလိုပါသလား။ အိပ်ချိန်ကို ဂရုစိုက်ပေးပါ။ ရေခဲသောလူ့ဘဝတွင် အသက်ရှည်ရှည် နေထိုင်လိုပါသလား၊ အိပ်ချိန်မှန်ပေးပါ။

အိပ်စက်ခြင်းကိုဂရုစိုက်ပေးပါ။ သင်ကျန်းမာအသက်ရှည်လာပါလိမ့်မည်။ အိပ်စက်ခြင်း ကား ကျွန်တော်တို့ အလေးထားရမည့် အကောင်းဆုံးတန်ဖိုးထားရမည့် သဘာဝ၏လက်ဆောင်ကောင်းသာဖြစ်သည်ဟု အခိုင်အမာ အကြံပြုလိုပါသည်။

**မင်းလပြည့်(ဟားခါး)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၂)၊ ဦးပိုင်အမှတ်(၅၂)ခဲစင်းမြောက်ခြမ်း၊ လမ်း၆၀နှင့် ၆၁လမ်းကြား၊ လမ်း၄၀နှင့် ၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထွေးကြည် EMDY -၃၀၇၂၃၅၊ ၉/မရမ(နိုင်)၀၃၁၈၆၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၅၉/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမောင်(၉/မရမ(နိုင်)၀၇၂၅၁၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ် (၇၁)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်းမြင့်(၉/အမရ(နိုင်)၀၃၀၂၀၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၅၆၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဇော်(၉/ပသက(နိုင်)၀၁၁၁၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်မှတ်(H)၊ ဦးပိုင်အမှတ်(၃၄)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တိုးတိုးဝင်း(၉/မထလ(နိုင်)၀၇၉၁၈၄)၊ ဒေါ်ကလျာဆွေ(ခ)ကလျာဝင်းဆွေ(၉/မထလ(နိုင်)၀၇၉၁၇၁)၊ ဒေါ်ခင်သန္တာဝင်းဆွေ(၉/မထလ(နိုင်)၀၇၉၁၀၆)၊ ဒေါ်မြစန္ဒာဆွေ(၉/မထလ(နိုင်)၀၇၉၁၉၄)၊ ဒေါ်နီလာဝင်းဆွေ(၁၃/ကတန(နိုင်)၀၀၁၆၉၉၊ ဒေါ်အိအိဝင်းဆွေ(၈/ခမန(နိုင်)၁၀၉၁၄၉)၊ ဒေါ်စုစုဝင်းဆွေ(၈/ခမန(နိုင်)၁၀၉၁၅၀)၊ ဦးစည်သူအောင်(၈/မကန(နိုင်)၁၈၄၀၁၅)၊ ဒေါ်ဆုမြတ်အိန္ဒြာဆွေ(၈/မကန(နိုင်)၁၈၄၉၆၆)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၁)၊ ဦးပိုင်အမှတ်(၅၉)၊ ၈၂လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ မကြည် အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၅၈၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်တင်တင်ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၆၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စိုး(၁/မကန(နိုင်)၀၃၃၀၇၀)က အမှုတွဲအမှတ်(၀၀၀၁/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧကအတွင်းရှိ တောင်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်စန္ဒာဝင်း ပါ-၂ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ၁။ ဒေါ်စန္ဒာဝင်း(ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၀၀၀၅၂၉)၊ ၂။ ဦးရန်နိုင်အောင်(ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၁၂၇၅၉၈)ကိုင်ဆောင်သူများမှ ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စာစာထွေး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၃၀(အေ)လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၂၂၇၆၂**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၄)၊ ဦးပိုင်အမှတ်(၄၆-ခ)၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုန်းငြိမ်(၉/မရမ(နိုင်)၀၀၆၄၂၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၇၁)၊ ဦးပိုင်အမှတ်(၉-ခ)ခဲစင်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ပါရမီလမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ဒေါ်စိန်ရင်၊ ဒေါ်ခင်သိန်း၊ ဦးသိန်းဇော်၊ ဒေါ်ဝင်းမာတို့ (၄)ဦးအနက် ဒေါ်ခင်သိန်း ပါ(၂)ဦးထံမှ စွန့်လွှတ် စာချုပ်အမှတ်(၃၀၁၆/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်စိန်ရင်(၉/မရတ(နိုင်)၀၀၅၀၉၅)၊ ဦးသိန်းဇော်(၉/မရတ(နိုင်)၀၇၇၁၃၈)တို့က အမှုတွဲအမှတ်(၀၀၀၂/ဘခွဲ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၇၁)၊ ဦးပိုင်အမှတ်(၉-ခ)ခဲစင်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ ပါရမီလမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ဒေါ်စိန်ရင်၊ ဒေါ်ခင်သိန်း၊ ဦးသိန်းဇော်၊ ဒေါ်ဝင်းမာတို့ (၄)ဦးအနက် ဒေါ်စိန်ရင် ပါ(၂)ဦးထံမှ စွန့်လွှတ် စာချုပ်အမှတ်(၃၀၁၅/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်ခင်သိန်း(၉/မရတ(နိုင်)၀၇၇၁၁၆)၊ ဒေါ်ဝင်းမာ(၉/မရတ(နိုင်)၀၇၇၁၂၈)တို့က အမှုတွဲအမှတ်(၀၀၀၃/ဘခွဲ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဦးသန်းဝင်း(ခ)ဒုအရာခံဗိုလ်သန်းဝင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၆၃)ဟုခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုအရာခံ ဗိုလ်သန်းဝင်း အမည်ပေါက် ဂရန်မြေကွက် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသန်းဝင်း(ခ)ဒုအရာခံဗိုလ်သန်းဝင်းထံမှ ကျွန်မ ဒေါ်တင်မြင့်(၉/ပမန(နိုင်)၀၁၃၂၃၅)က (၁၄-၈-၂၀၀၆)ရက်တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထိုကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဦးသန်းဝင်း(ခ)ဒုအရာခံဗိုလ်သန်းဝင်းမှ ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းဝင်း(ခ)ဒုအရာခံဗိုလ်သန်းဝင်းနှင့်အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ**

**ဒေါ်တင်မြင့်(၉/ပမန(နိုင်)၀၁၃၂၃၅)**

**(လလ-၃၉/၆၃)၊ (ည)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၂၂၀၃၄၅**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက် အမှတ်(၇၄၂)၊ ဦးပိုင်အမှတ်(၆)၊ ၇၃လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်အေး(ခ)YANG WAY LANT(၁၃/မဆတ(ပြု)၀၀၀၀၅၁)က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၈)၊ ဦးပိုင်အမှတ်(၂၀)၊ လမ်း၆၀၊ ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းကြည်(၉/မရမ(နိုင်)၀၁၉၉၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၈၄-ခ)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၂လမ်းနှင့် လားရှိုး-မန္တလေးမီးရထားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝေယံကျော်ဦး(၉/အမဇ(ပြု)၀၀၀၀၆၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၃၁၁-က)၊ ၃၂လမ်းနှင့် ၃၅လမ်းကြား၊ ၅၇လမ်းနှင့် ၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစံမြင့်(၉/ပသက(နိုင်)၀၄၀၉၂၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၈)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ၆၃(A)လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေ(၉/မရတ(နိုင်)၀၁၉၄၉၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၃)၊ ဦးပိုင်အမှတ်(၂)၊ ၁၀၄လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချွေးရှမ်း(၉/မကန(နိုင်)၀၆၃၈၈၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၂၈-င)၊ မဟာစည်လမ်းနှင့် စိန်ပန်းလမ်းကြား၊ ယဉ်ပုံမျှော်ရုံလမ်းနှင့် တာရိန်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်တင့်(၉/မနတ(နိုင်)၀၅၇၆၉၉)၊ ဒေါ်သင်းသင်းလှဲ့(၉/မနတ(နိုင်)၀၅၆၅၀၄)တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၇)၊ ဦးပိုင်အမှတ်(၁၈-က)ခဲစင်းမြောက်ခြမ်း၊ လမ်း၆၀၊ ၁၀၇လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း(၉/မရတ(နိုင်)၁၀၇၉၃၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၂၈)ခဲစင်းတောင်ခြမ်း+မြောက်ခြမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန္ဒာဝင်း(၉/မရတ(နိုင်)၀၀၀၅၂၉)၊ ဦးရန်နိုင်အောင်(၉/မရတ(နိုင်)၁၂၇၅၉၈)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

- နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၃

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင်သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုးပြုပြင်ထိန်းသိမ်းနေမှုများ ကြည့်ရှုစစ်ဆေး



မန္တလေး ဧပြီ ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်း အဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးမြို့ မင်္ဂလာစေတီမှ အင်းဝမြို့ဟောင်း တတိယမြို့ရိုးသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မဟာဗေယျုပထမောင်အို အုတ်လမ်းသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက မောင်အိုအုတ်လမ်းအား ရှေးမူမပျက် ပြန်လည်ဖော်ထုတ်၍ မူလအနေအထားအတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အေဒီ ၁၈၂၂ တွင် ဘကြီးတော်မင်းနှင့် နန်းမတော် မယ်နုတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း (ခ) မယ်နုအုတ်ကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မယ်နုအုတ်ကျောင်းသည် အေဒီ ၁၆၃၈ တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ပြီး မယ်နု၏ သမီးတော် ဆင်ဖြူမရှင်က ပြန်လည်ပြုပြင်ခဲ့ကြောင်း၊ ယခု ၂၀၂၅ မန္တလေးငလျင်ကြီးတွင် မြောက်ဘက်တစ်ခြမ်းလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ သဘာဝဘေးကြောင့် မူလရှေးဟောင်းလက်ရာအနေအထား ပျက်စီးခဲ့မှုများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြန်လည် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အင်းဝမြို့ဟောင်းအား ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာလေ့လာ ကြည့်ရှုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ (အခြား) အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အင်းဝမြို့ဟောင်းရှိ တံခါးနီတံခါးနှင့် ရွှေတော်ယူတံခါး တူးဖော်သုတေသနပြုခြင်းနှင့် သတိုးမင်းဖျား၏ မူလမြို့ရိုးအား စမ်းသပ်တူးဖော်မည့် သုတေသနပြုမည့် နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။


ဆက်လက်၍ အေဒီ ၁၇၃၃တွင် တည်ထားခဲ့သည့် အင်းဝလောကသရဖူဘုရား ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အလှူရှင် ဦးစိုးနိုင်၏ လှူဒါန်းမှုဖြင့် မူလရှေးဟောင်းလက်ရာအတိုင်း ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝရှေးဟောင်းသုတေသနပြတိုက် ပြန်လည် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အင်းဝ ရှေးဟောင်းသုတေသနပြတိုက် ပြန်လည်ပြုပြင်ခြင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံငလျင်အသင်းတို့မှ ပညာရှင်များ၊ အိန္ဒိယနိုင်ငံ ချန်နိုင်းတက္ကသိုလ်မှ ငလျင်နှင့်အဆောက်အအုံ ပညာရှင်များ၏ အကြံပြုချက်နှင့် ပူးပေါင်းကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အင်ဂျင်နီယာများက ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် ဇွန်လတွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အတွင်းမှထောက်တိုင်များ၊ အပေါ်ဆင့်များ ထပ်မံအားဖြည့်ထည့်ရန်၊ နောင်ငလျင်များဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်ရည်မှန်း၍ ပိုမိုကြံ့ခိုင်အောင် ဆောင်ရွက်ရန်၊ အင်ဂျင်နီယာများ နေ့စဉ်အမြဲကြီးကြပ်၍ အားနည်းချက်မရှိစေရေး စီမံဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးပါက ပြန်လည်ခင်းကျင်းမှုကိုပါ ကြိုတင်လျာထားဆောင်ရွက်ရန်၊ အလားတူ အင်းဝဒေသရှိ ငလျင်ဒဏ်ခံဘုရားများ ပြုပြင်ရာတွင် ပစ္စည်းလိုအပ်ချက်များရှိပါက တင်ပြရန်နှင့် ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ကြောင့် မန္တလေးနန်းမြို့ရိုး၏ နေရာအနှံ့အပြားတွင် ထိခိုက်ပျက်စီးမှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မူလရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ အမှတ် (၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)၊ တင်ဒါအောင်ကုမ္ပဏီများနှင့်ဌာနတို့က ဆောင်ရွက်ခဲ့သည့် မြို့ရိုး၊ မီးတားများ၊ သူရဲခိုများ၊ ပြာသာဒ်ကြီးများနှင့် ပြာသာဒ်ငယ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်အဖြစ် အာဂျင်တီးနားနိုင်ငံသား ဂျူအန်မာဆယ်လိုစီရီလီကို ခန့်အပ်




ရန်ကုန် ဧပြီ ၂၃

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအတွက် အာဂျင်တီးနားနိုင်ငံသား နည်းပြ ဂျူအန်မာဆယ်လိုစီရီလီကို နည်းပြချုပ်အဖြစ် တရားဝင်ခန့်အပ်လိုက်ပြီ ဖြစ်သည်။

ကစားသမားဘဝတွင် နိုင်ငံတကာ အတွေ့အကြုံများ ပိုင်ဆိုင်ထားသည့် မာဆယ်လိုစီရီလီသည် အာဂျင်တီးနား၊ မလေးရှားနှင့် အင်ဒိုနီးရှားလိဂ်များတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး မြန်မာဘောလုံးလောကနှင့်လည်း ရင်းနှီးသူတစ်ဦးဖြစ်သည်။ ထို့အပြင် ဧယျာရွှေမြေအသင်းတွင်လည်း ခြေစွမ်းပြ ကစားခဲ့ဖူးသော ကစားသမားတစ်ဦးဖြစ်သည်။

ဂျူအန် မာဆယ် လို စီ ရီ လီ သည် နည်းပြဘဝတွင် အာဂျင်တီးနား U-၁၅ အသင်းကို စတင်ကိုင်တွယ်ခဲ့ပြီးနောက် ပိုင်း အာဂျင်တီးနား၊ အင်ဒိုနီးရှား၊ အီကွေဒေါနှင့် ဘိုလစ်ဗီးယားရှိ ကလပ်အသင်းများတွင်လည်း နည်းပြချုပ်အဖြစ် အတွေ့အကြုံများ ရရှိထားသူတစ်ဦးဖြစ်ခြင်းကြောင့် ရန်ကုန်ယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0

## ပြင်သစ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် လန်းစ်အသင်းနှင့် နိစ်အသင်းတို့ တွေ့ဆုံ

ပါရီ ဧပြီ ၂၃

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် လန်းစ်အသင်းနှင့် နိစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် လန်းစ်အသင်းက တူးလော့စ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ နိစ်အသင်းက စထရာဘော့စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း နိုင်ပွဲ ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေလ ၂၃ ရက်တွင် လန်းစ်အသင်းနှင့် နိစ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

